ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (30-4-2012) (၇၁၀၆)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ၁၀ ဧက စိုက်ခင်းအတွင်း အဖိုလိုင်းစပ်မျိုးစပါးနှင့် အမလိုင်းစပ်မျိုးစပါးများ မျိုးစပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့မရနိုင်သဖြင့် လက်ရှိစိုက်ပျိုးမြေကို စပါးအထွက်တိုးစေရန် ကြိုးပမ်းလျက်ရှိ ပုလဲသွယ်စပ်မျိုးစပါးကို ခေတ်မီနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုး၍ တစ်ဧကပျမ်းမျှ တင်း ၁၀၀ ကျော် ထွက်ရှိ

ကမ္ဘာ့အရည်အသွေးမီ ပေါ်ဆန်းမွှေးဆန်ကိုလည်း မျိုးမပျက်ရန် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက ကောက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ကောက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်တို့လိုက်ပါလျက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေစိုက်ခင်းသို့ ရောက်ရှိရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အလျှင်လိုကျေးရွာမှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP)စနစ်ဖြင့် စိုက်ပျိုးထားသည့် ၉၅ ရက်သားရှိ အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါးများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက ကောက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခေတ်မီရိတ်သိမ်းခြွေလှေ့စက် သုံးစီးဖြင့် ကောက်ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များမှာ တစ်နေ့လျှင် လေးဧကနှင့် ခြောက်ဧကအထိ ရိတ်သိမ်းနိုင်ပြီး လူအားဖြင့်ဆောင်ရွက်ပါက လူ ၁၂ ဦးဖြင့် ရိတ်သိမ်းလျှင် တစ်နေ့ တစ်ဧကသာပြီးစီးနိုင်ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက စိုက်ကွင်း၌ စက်ကိရိယာများဖြင့် ထွန်ယက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၃၀-၄-၂၀၁၂[တနင်္လာနေ့]။

အသိဉာဏ်စိတ်ဓာတ်ခွန်အားကြွံခိုင်မှု

ဉစ္စာနေကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသားများ ဖြစ်လာရန်မှာ နိုင်ငံသားများကို နတ်ရေကန်ထဲပစ်ချလိုက်သကဲ့သို့ ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပြီး ချက်ချင်းကြီးပွားချမ်းသာသကဲ့သို့ နေ့ချင်းဖြစ်လာမည်မဟုတ်၊ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှသာ ဖြစ်နိုင်သောကိစ္စဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံကြီးပွားချမ်းသာဖို့အတွက် နိုင်ငံအစိုးရက လက်တွေ့ကျကျ အားသွန်ခွန်စိုက် ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်တွေ့တွင်လည်း ဖြစ်လာနိုင်ဖွယ်အကြောင်းခြင်းရာ အလားအလာများကို တွေ့မြင်နေရသည်။

နိုင်ငံသားအားလုံး၏မျှော်မှန်းချက်မှာ မိမိတို့နိုင်ငံ ကြီးပွားချမ်းသာရေးပင်ဖြစ်သည်။ ဉစ္စာနေတည်းဟူသည့် ရုပ်ဝတ္ထုတို့၏ဖြစ်ခြင်းသဘောသည် ကြောင်းကျိုးဆီလျော်၍ ဖြစ်တည်ရမည်မှာ အမှန်ဖြစ်သော်လည်း ထိုဉစ္စာနေနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်တည်လာရန်နှင့် အရှည်တည်တံ့နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူတို့၏စိတ်ဓာတ်ခွန်အားများ ကြွံခိုင်သန်စွမ်းမှုလိုအပ်မည်မှာ အမှန်ဖြစ်ပါသည်။ မျက်မှောက်ကာလ လူအများစုတွင် အတတ်ပညာ၊ အသိပညာကြွယ်ဝသူများမှာ အနည်းစုသာဖြစ်ပြီး ပညာမကြွယ်ဝသေးသူများမှာ အများစုဖြစ်မည်ဟု ယူဆပါသည်။

တစ်ဖန် ပညာကြွယ်ဝသူအနည်းစု၊ မကြွယ်ဝသူအများစုသာမက စိတ်ဓာတ်ခွန်အားကြွံခိုင်သူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူတို့မှာလည်း အနည်းစုသာဖြစ်ဦးမည်ဟုဆိုချင်ပါသည်။ ထို့ကြောင့် လက်ငင်းဆောင်ရွက်ရမည့်အရာဌာနများတွင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သကဲ့သို့ ကိုယ်ကျင့်တရားကောင်းသူများ၊ စိတ်ဓာတ်ခွန်အားကြွံခိုင်သူများ ဖြစ်လာအောင်လည်း မြေတောင်မြှောက်ပေးကြဖို့ လိုအပ်နေဦးမည်ဖြစ်သည်။

ထိုအစီအစဉ်များသည် ယခုရေတွင်းတူး ယခုရေကြည်သောက်ရမည့်ကိစ္စရပ်များမဟုတ်သောကြောင့် ထိုကိစ္စရပ်များကို ယခင်ကလည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုကာလတွင်မူ ပိုမို၍ ပြင်းပြင်းထန်ထန် ဆောင်ရွက်မှသာ တန်ကာကျမည်ဖြစ်ပါသည်။ ဉစ္စာနေဟူသည် ကုန်ခန်းပျက်စီးခြင်းသဘောရှိသည်ဖြစ်ရာ ထိုဉစ္စာနေများ မကုန်ခန်းမပျက်စီးစေဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အဆိုပါလူ့စွမ်းအားအရင်းအမြစ်များကို အခြေပြုကြရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်ခွန်အားကြွံခိုင်ပြီး ဂုဏ်ရည်မြင့်မားသော တန်ဖိုးရှိလူသားများဖြစ်ထွန်းအောင် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။

လူအများစုနယ်ပယ်တွင် ဆင်းရဲဒုက္ခများမှာ ပြည့်ကျပ်လျက်ရှိသည်ကို တွေ့မြင်လျက်ရှိပါသည်။ လူတို့သည် ထိုထို ပညာဉစ္စာ၊ နေဉစ္စာတို့ကို အလိုရှိကြပါကုန်သော်လည်း အသိနယ်မကျယ်သဖြင့် လက်ရှိဘဝတွင်ပင် အများစုမှာ ကျေနပ်နှစ်သိမ့်နေကြလျက်ရှိပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် ဘာမျှမသိသော ငယ်စဉ်ကလေးဘဝသည် ကျေနပ်နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသည်ဟုပင် စိတ်ကူးယဉ်မိပါသည်။ ဘာမျှမသိ၊ ဘာမျှမတတ်ခြင်းသည်ပင် ချမ်းသာခြင်းလိုလို၊ သိလျက်နှင့်တတ်လျက်နှင့် အခြေအနေမပေး၍ တော်သလိုနေ၊ သင့်သလိုလုပ်နေရသည်တို့ကိုပင် ငြိမ်းအေးခြင်းလိုလို လွဲမှားစွာယူဆတတ်သူများ ရှိပေလိမ့်မည်။

လူ့အရင်းအမြစ်နှင့်စိတ်ဓာတ်ခွန်အားများကို ပျိုးထောင်ရာ၌ အဆိုပါလွဲမှားသောအယူအဆများကို ပြောင်းလဲပစ်ကြရမည်ဖြစ်သည်။ လူသည် ဘဝအသိဉာဏ်ရင့်သန်လေ ဆင်းရဲခြင်းအစစ်ကိုမြင်လေ၊ ဆင်းရဲခြင်းကို ကြောက်လေဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်မြင့်မားသော၊ စိတ်ဓာတ်ခွန်အားကြွံခိုင်သော လူသားအရင်းအမြစ်များဖြစ်အောင် အားလုံးစွမ်းဆောင်မှ၊ ကိုယ်စီပြုပြင်ပြောင်းလဲကြပါမှ မိမိတို့မျှော်မှန်းထားသော၊ အကောင်အထည်ဖော်လျက်ရှိသော ဉစ္စာနေကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံမှ အဆင့်အတန်းမြင့်မားသော နိုင်ငံသားများဖြစ်လာမည်ဟု ယုံကြည်ပါသည်။ ။

မန္တလေးခရိုင်အတွင်းရှိ ပင်မဓာတ်အားခွဲရုံများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မဓာတ်ခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ပစ္စည်းများရောက်ရှိပြီးဖြစ်၍ တပ်ဆင်ခြင်းလုပ်ငန်းများအား အမြန်ပြီးစီးရေး ဆောင်ရွက်သွားရန်၊ ခွဲရုံဝန်ထမ်းများအနေဖြင့် ခွဲရုံသုံးပစ္စည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ စနစ်တကျကိုင်တွယ်အသုံးပြုကြရန်၊ ခွဲရုံအားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှုများအား ဖြစ်ရပ်မှန်အတိုင်း နည်းလမ်းတကျသုံးသပ်ပြီး နည်းလမ်းရှာဖွေပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်မှာကြားကာ Control Roomနှင့် Switch Yard အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၁၃၂ ကေဗွီအောင်ပင်လယ်ပင်မဓာတ်အားခွဲရုံ၏ Control Room နှင့် Switch Yard တို့ကို လည်းကောင်း၊ တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုတို့ကို လည်းကောင်း၊ ၂၃၀ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံ၏ Control Room နှင့် Switch Yard တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၄-၂၀၁၂ (တနင်္လာနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၁၅	စိုက်ပျိုးသုတ
၄း၂၅	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	ဗွီစီဒီကျော်ကြားတေး
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဟာသလွင်ပြင်” (အပိုင်း-၁၀၁)**
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သူရဲကောင်းလေး ကျွန်မချစ်သူ” (အပိုင်း-၁၇)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -Talk of The Town -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်” (အပိုင်း-၁၇)** -Mini Series

မြေနီကုန်းလမ်းဆုံ မီးပွိုင့်အနီးရှိ ကားမှတ်တိုင် အပြီးသတ်ပြောင်းရွှေ့

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့၌ ယာဉ်ကြောရှုပ်ထွေးမှု အများဆုံးနေရာတစ်ခုနှင့် ခရီးသွားပြည်သူများ သွားလာမှုအများဆုံးနေရာတစ်ခုဖြစ်သည့် စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံမီးပွိုင့်အနီးရှိ ဘတ်စ်ကားမှတ်တိုင်များကို အပြီးသတ်ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း သိရသည်။

မြေနီကုန်းလမ်းဆုံ မီးပွိုင့်အနီးရှိ အင်းစိန်-မင်္ဂလာဒုံဘက်မှ ရန်ကုန်မြို့တွင်းသို့ သွားရာမှတ်တိုင်ဖြစ်သည့် ကမ္ဘောဇဘဏ်ရှေ့ရှိ ကားမှတ်တိုင်ကို မတ်လကုန်ရက်ပိုင်းမှစတင်၍ အထက (၂) စမ်းချောင်းရှေ့သို့ ပြောင်းရွှေ့ပေးခဲ့ပြီး ပြောင်းရွှေ့ရန် ကျန်ရှိနေသည့် ရန်ကုန်မြို့တွင်းမှ အင်းစိန်-မင်္ဂလာဒုံဘက်သို့ သွားရာ မှတ်တိုင်ဖြစ်သည့် ရတနာပုံရုပ်ရှင်ရုံရှေ့ရှိ မှတ်တိုင်ကို ပြည်သူ့ဥယျာဉ်ရှေ့ရှိ ခေတ်မီကလေးကစားကွင်းရှေ့သို့ ဧပြီ ၂၈ ရက်မှစတင်၍ အပြီးသတ်ပြောင်းရွှေ့လိုက်ပြီဖြစ်သည်။

အဆိုပါမှတ်တိုင်များပြောင်းရွှေ့မှုနှင့်ပတ်သက်၍ မြောက်ဥက္ကလာဘက်မှ ရှမ်းလမ်းဘက်သို့ အလုပ်ဆင်းနေရသော အမျိုးသမီးဝန်ထမ်းတစ်ဦးက “မြောက်ဥက္ကလာပကနေ ရှမ်းလမ်းကို အရင်ကပြေးဆွဲနေတဲ့ အမှတ်(၁၀၃)ဟိုင်းလတ်ယာဉ်လိုင်းကလည်း ကားဟောင်းလဲတဲ့အစီအစဉ်နဲ့ ပတ်သက်တယ်ဆိုပြီး အဲ့ဒီယာဉ်လိုင်းပြေးဆွဲနေတဲ့ ကားတွေ မရှိတော့ဘူး။ အခုလိုမြေနီကုန်းက မှတ်တိုင်တွေပါ ထပ်ပြောင်းလိုက်တဲ့အတွက် ရုံးဆင်းရုံးတက်မှာ ဝန်ထမ်းတွေ သွားရေးလာရေး ပိုဒုက္ခရောက်ကြရတယ်။ (၁၀၃)ယာဉ်လိုင်းကိုလည်း ကားစီးရေအပြည့် ပြန်ဆွဲပေးစေချင်ပါတယ်”ဟု ပြောပြသည်။

အဆိုပါ မြေနီကုန်းလမ်းဆုံသည် အဝေးပြေးယာဉ်လိုင်းများ၊ မြို့တွင်းသွားယာဉ်လိုင်းများ၊ ကိုယ်ပိုင်ယာဉ်များ အသွားအလာများပြီး ရုံးများ၊ ကျောင်းများ၊ ကုမ္ပဏီများ၊ ရှော့ပင်းစင်တာများလည်း များပြားလွန်းသောကြောင့် ယာဉ်အသွားအလာရှုပ်ထွေးပြီး မကြာခဏ ယာဉ်အန္တရာယ်များ ဖြစ်ပွားတတ်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနိုင်ရေးတို့အတွက် ရည်ရွယ်၍ ပြောင်းရွှေ့ပေးလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

(ကိုကြီးသာ)

ရေဦးမြို့နယ် ပန်းကုံးရွာ သက်ကြီးပူဇော်ပွဲ ကျင်းပ

ရေဦး ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးရွာ၏ ဆဋ္ဌမအကြိမ်မြောက် ပရိယတ္တိ သံဃပူဇနိယပွဲတော်ကြီးနှင့် အကြိမ် (၂၀) မြောက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၈ ရက်က ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူငယ်မောင်မယ်များနှင့် ကျေးရွာသူ ကျေးရွာသားများက ကျေးရွာအတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ပရိယတ္တိစာပေကျမ်းဂန်များ သင်ယူ၊ သင်ကြားလျက်ရှိသော ရဟန်း၊ သာမဏေ၊ သီလရှင်များကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျေးရွာအတွင်းရှိ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ကန်တော့ပစ္စည်းဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ (ကြေးမုံ)

ကြေးမုံ=မှန်

သန်းငြိမ်းအောင်-ပညာရေး

ရှေးကကြေးပြားကို မှုံနေအောင်တိုက်၍ အရိပ်ထင်လာအောင် မှန်အဖြစ်သုံးကြသည်။ ရတနာများ ဘေးပတ်လည်တွင် စီခြယ်လိုက်သောအခါ ရတနာကြေးမုံဟု ခေါ်ကြသည်။ ထီးသုံး၊ နန်းသုံးမှ ကျေးရွာလူထုထိ သုံးခဲ့ကြသောကြေးမုံတစ်ချပ်ပင် ဖြစ်ပါသည်။

ဓာတုဗေဒထွန်းကားလာသောအခါ ဓာတုနည်းဖြင့် ကြေးမုံကို ပြောင်းလဲ၍ မှန်အဖြစ်သုံးလာကြသည်။ လူတိုင်းလူတိုင်း မှန်ကိုအသုံးပြုခဲ့ကြသည်။ အသုံးပြုတတ်သည်။ မှန်မကြည့်တတ်သူမှာ တိရစ္ဆာန်မျှသာဟုဆိုလျှင် မှားမည်ပင်မထင်။

မှန်သည် မှန်သာဖြစ်သည်။ မှန်သည်ဘယ်သောအခါမျှ မမှား၊ အမှားတရားသည် မှန်မဟုတ်၊ မှန်ကို အမှားဟု တွေ့နေရခြင်းသည် အဝိဇ္ဇာ(မသိမှု)ပင်ဖြစ်သည်။ အဝိဇ္ဇာဖုံးနေသဖြင့် မှန်ထဲက မလှသောရုပ်ကို လှသည်ဟု ထင်နေသည်။ မှန်ထဲကအတ္တကို ငါဟုထင်ကာ စွဲလမ်းနေသည်။ မှန်သည် အမှန်သာပြသည်။ အထင်မှားနေမှုကသာ အမှားဖြစ်သည်။

မှန်သည် ထာဝရအမှန်သာဖြစ်သည်။ သို့သော် မှန်ကိုခုံးလိုက်သောအခါ၊ ခွက်လိုက်သောအခါတွင်မူ မှန်ဘီလူးမျိုးဖြစ်ပြီး ကြောက်စရာအသွင်၊ ရယ်စရာ(ဟာသ)အသွင်ကို ရောက်ထင်သွားတတ်သည်။ မှန်၏အမှန်ကို (ခုံးခြင်း၊ ခွက်ခြင်း)ဖြင့် လူက လုပ်သောကြောင့် ပြောင်းလဲသွားရခြင်းဖြစ်သည်။

ပုံမှန်အားဖြင့်မူ မှန်သည် အမှန်ကိုသာ ပြပါသည်။ မှန်ကြည့်၍ ပြုပြင်ကြရသည်။ ခေါင်းဖြီးကြရသည်။ မုတ်ဆိတ်ကျင်စွယ်ပယ်ကြရသည်။ အနည်းငယ်အဆင့်မြင့်လာသောအခါ ရုပ်ကိုကြည့်၍ စိတ်ကိုပြုပြင်ကြရသည်။ စိတ်ဆိုး စိတ်ညစ်ကို ဖယ်ထုတ်ကြရသည်။

မိမိကပြုံးပြလျှင်၊ မှန်ကပြုံးပြသည်

မိမိကမဲ့ပြလျှင်၊ မှန်ကမဲ့ပြသည်

မိမိနှုတ်ခမ်းစူနေလျှင် မှန်က နှုတ်ခမ်းစူသည်

မှန်သည် အမှန်ကိုသာပြသည်။ မှန်သည် ဘက်မလိုက်တတ်၊ မပြောင်းလဲတတ်၊ အမှန်ကိုသာ မှန်က ပြလေ့ရှိသည်။

ရုပ်ရော၊ စိတ်ပါ ပြုပြင်နိုင်ကြရန် မှန်ကိုကြည့်ရသည်။ မှန်၏အမှန်တရားကို ငြင်းပယ်၍မရ။ ကျွန်တော်ကမူ ကလေးဘဝမှ အဘိုးကြီးဖြစ်သည်အထိ မှန်ကြိုက်သည်။ ဘေးပတ်ဝန်းကျင်ကမူ ကျွန်တော့်ကို “အကျည်းတန် မှန်ကြိုက်” ဟု သြဘာပေးကြသည်။ ကျွန်တော်ပြုံး၍နေတတ်သည်။

မှန်သည် အမှားမဟုတ်ကြောင်း ကျွန်တော်သဘောပေါက်နေ၍ဖြစ်ပါသည်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၂၀၀	၀. ၀၃၂၅၅
တရုတ် (ယွမ်)	၆. ၃၀၀၆၅	၀. ၁၅၈၇၁
အိန္ဒိယ (ရူပီး)	၅၂. ၅၃၅၀	၀. ၀၁၉၀၃
မလေးရှား (ရင်းဂစ်)	၃. ၀၄၁၅၀	၀. ၃၂၈၇၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၇၀	၀. ၈၀၇၉၅
ဂျပန် (ယန်း)	၈၀. ၂၇၀၀	၀. ၀၁၂၄၆
တောင်ကိုရီးယား(ဝမ်)	၁၁၃၂. ၇၅	၀. ၀၀၀၈၈
ယူရို	၀. ၇၅၄၅၀	၁. ၃၂၅၃၈
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၈၇	၁. ၆၂၆၃၅

အင်တာနက်။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

စုဆောင်းငွေထည့်ဝင်မှုအပေါ် အတိုးငွေပေးအပ်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်းသားများမှ စုဆောင်းငွေထည့်ဝင်မှုအပေါ် အတိုးငွေ ၁ ဒသမ ၂၅ ရာခိုင်နှုန်း ပေးအပ်ပွဲအခမ်းအနားကို ဧပြီ၂၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြား၍ မြို့နယ်အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်း အလုပ်အမှုဆောင် ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးဝင်းအောင်က ရပ်ကွက်အလိုက် အတိုးငွေ ၃၈၁၉၆၂၄ ကျပ်အား ပေးအပ်၍ **(ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ဝ၈)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

○ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေးနည်းပညာစခန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးစပါးစုစုပေါင်း ၁၆၁၃၄၀၇၄ ဧကနှင့် နွေစပါး စုစုပေါင်း ၂၄၇၆၁၂၉ ဧက စုစုပေါင်း ၁၈၆၁၀၂၀၃ ဧက စိုက်ပျိုးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုမှာ စုစုပေါင်းဧက ၁၀၁၃၀ ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၌ နွေစပါး စုစုပေါင်း ၂၁၀၀၆ ဧက စိုက်ပျိုးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါးဧက ၂၃၄၀ ပါဝင်စိုက်ပျိုးခဲ့ပါကြောင်း။

ပုလဲသွယ်စပ်မျိုးစပါးများကို နွေစပါးရာသီတွင် ယခုကဲ့သို့ စိုက်ပျိုးနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီ၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဧက ၁၀၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ဧက ၁၀၀ စုစုပေါင်း ဧက ၂၀၀ ကို စိုက်ပျိုးထုတ်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပုလဲသွယ်စပ်မျိုးစပါး ဧကတစ်သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးနှင့် ဘာစမာတီ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀ နှင့် ဘာစမာတီစပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုစံပြလယ်ယာအထူးဇုန်တွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို International Sun Moon Star Co.,Ltd. တွင် ဧက ၃၀၀၊ Dagon International Co.,Ltd. တွင် ဧက ၅၀၊ Green Asia Co., Ltd. တွင် ဧက ၁၀၀၊ ဆင်းရွှေလီကုမ္ပဏီလီမိတက်တွင် ဧက ၅၀၊ ကရင်ပြည်နယ်တွင် ၂၅ ဧက၊ မွန်ပြည်နယ်တွင် ၂၅ ဧကနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သုံးဧက စုစုပေါင်း ၈၅၃ ဧကကို မျိုးစေ့ထုတ်စိုက်ပျိုးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁၀၅၃ ဧက ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရေးရာသီ၌ မိုးစပါးစိုက်ပျိုးရန် လျာထား ၁၆၄၀၄၈ ဧကအပေါ် ၁၆၁၂၀၆ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၈၅ ဒသမ ၆၁ တင်းနှုန်း ထွက်ရှိခဲ့၍ စပါးတင်းပေါင်း ၁၃၉ ဒသမ ၇၂ သိန်း ထွက်ရှိခဲ့ပါကြောင်း။

နွေစပါးရာသီတွင် စီမံကိန်းလျာထားချက် ဧက ၁၉၃၈၀ အပေါ် ၂၈-၄-၂၀၁၂ ရက်နေ့အထိ ၂၁၀၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၈ ဒသမ ၃၉ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ပြီးဖြစ်ပါကြောင်း၊ လျာထားချက်ထက် ယခုအချိန်အထိ ၁၆၂၆ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ရေးလုပ်ငန်းကို ပုဗ္ဗသီရိမြို့နယ်တွင် ဧက ၅၀၀၊ ဒက္ခိဏသီရိမြို့နယ်တွင် ၃၁၅ ဧက၊ ပျဉ်းမနားမြို့နယ်တွင် ၃၆၉ ဧက၊ ဇမ္ဗူသီရိမြို့နယ်တွင် ၃၉၃ ဧက၊ ဥတ္တရသီရိမြို့နယ်တွင် ၄၁ ဧက စုစုပေါင်း ၁၆၁၈ ဧက ဖော်ထုတ်နိုင်ခဲ့ပြီး ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ၊ အောင်ချမ်းသာရွာ၊ အလျင်လိုရွာများတွင် ၆၃၇ ဧက၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုတွင် ဧက ၂၅၀၊ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းရွာနှင့် ရန်အောင်မြင်ရွာတို့တွင် ဧက ၆၅၀ စုစုပေါင်း ၁၅၃၇ ဧကကိုလည်း ဆက်လက်၍ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးစပါးသီးနှံစိုက်ပျိုးရာ၌ အထောက်အကူဖြစ်စေရေးအတွက် မြစိမ်းရောင်သမဝါယမအသင်း အစီအစဉ်ဖြင့် မြို့နယ်နှစ်မြို့နယ်တွင် တောင်သူ ၄၃၂ ဦး၏ စိုက်ဧက ၁၇၁၃ ဧကအတွက် ၆၈ ဒသမ ၄၉၀ သန်း၊ ဇေယျာသီရိမြို့နယ်တွင် ဇေယျာသီးနှံစုံ စိုက်ပျိုးတိုးမြှင့်ထုတ်လုပ်ရေးကုမ္ပဏီအစီအစဉ်ဖြင့် တောင်သူ ၈၈၆၃ ဦး၏ စိုက်ဧက ၂၇၃၅၆ ဧကအတွက် ငွေကျပ် ၁၃၆၇ ဒသမ ၈၀၀ သန်း၊ ပုဗ္ဗသီရိမြို့နယ်တွင် အောင်သီရိဖောင်ဒေးရှင်းအစီအစဉ်ဖြင့် တောင်သူ ၆၄၃၄ ဦး၏ စိုက်ဧက ၂၀၂၄၄ ဧကအတွက် ငွေကျပ် ၁၁၂၀ ဒသမ ၈၀ သန်း၊ နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် မြို့နယ်ငါးမြို့နယ်တွင် တောင်သူပေါင်း ၃၃၉၆ ဦး စိုက်ပျိုးသည့် စိုက်ဧက ၁၅၀၂၉ ဧကအတွက် ငွေကျပ် ၅၁၆ ဒသမ ၃၂၀ သန်း စုစုပေါင်းတောင်သူ ၁၉၁၂၅ ဦး၏ စိုက်ဧက ၆၄၃၄၃ ဒသမ ၈၀ ဧကအတွက် ငွေကျပ် ၃၀၇၉ ဒသမ ၄၁၀ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ချေးငွေများ အပြေအကျေ ပြန်လည်ရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေးလက္ခဏာများဖြစ်သည့် အမြစ်ဖွဲ့စည်းမှု ပိုမိုသန်စွမ်းခြင်း၊ အပင်ပွားစည်းမှုကောင်းခြင်း၊ အနှံပါပင်ပွား ၁၀-၁၅ ပင်ရှိခြင်း၊ တစ်နှံပါအောင်စေ့ ၁၅၀ နှင့် အထက်ရှိခြင်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၅၀ မှ ၂၀၀ အထက်ရှိခြင်း၊ အပင်သက်တမ်း ၁၁၀-၁၂၀ ရှိခြင်းစသည့် အားသာချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံတောင်သူများက ပုလဲသွယ်စပ်မျိုးစပါး၏ ဆန်အရည်အသွေးအဆင့်မီမှု၊ အထွက်နှုန်းနှင့် ဈေးကွက်အရ အကျိုးအမြတ်ရှိမှု၊ ဆက်လက်စိုက်ပျိုးရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေသခံတောင်သူများအား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လမ်းညွှန်မှာကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေတိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်မှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုလိုအပ်လာလျက်ရှိကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ဆန်ဝယ်လိုမှုတိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် ရေသယံဇာတနှင့် မြေသယံဇာတများစွာကို ပိုင်ဆိုင်ထား၍ လက်ရှိစားနပ်ရိက္ခာ ဖူလုံမှုရှိသော်လည်း နောင်တိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက် ရိက္ခာဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပပို့ကုန်အဖြစ်သို့ တိုးမြှင့်တင်ပို့နိုင်ရန် မြော်တွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို ထပ်မံတိုးချဲ့၍ မရနိုင်သဖြင့် လက်ရှိစိုက်ပျိုးမြေကို စပါးအထွက်တိုးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ကတင်း ၅၀ သာ ထွက်ရှိသည့် လယ်ယာမြေများတွင် ယခု ပုလဲသွယ်စပ်မျိုးစပါးကို ခေတ်မီစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့၍ တစ်ဧက ပျမ်းမျှ တင်း ၁၀၀ ကျော် ထွက်ရှိလာပြီဖြစ်ကြောင်း။

တောင်သူများအနေဖြင့် ဈေးကွက်ဝင်သီးနှံများကို စိတ်ကြိုက်စိုက်ပျိုးနိုင်ကြောင်း၊ ကမ္ဘာ့အရည်အသွေးမီ ပေါ်ဆန်းမွှေးဆန်ကိုလည်း မျိုးမပျက်ရန် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းရေးလုပ်ငန်းစဉ်အတွက် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လယ်သမားအများစုချမ်းသာမှု တိုင်းပြည်ချမ်းသာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြောင်းကွင်းများ ပြုပြင်ရေး၊ သဘာဝဘေးဒဏ်ကြောင့် ရေငန်ဝင်သည့် လယ်မြေများတွင် ရေငန်တားတာပေါင်များပြုလုပ်ရေး၊ မျိုးစပါးများ ထုတ်လုပ်ရေး၊ ခေတ်မီဆန်ကြိတ်ခွဲစက်များ တည်ဆောက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာအကူအညီပေးရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ စီမံကိန်းများနှင့် စက်မှုလယ်ယာသုံးပစ္စည်းကိရိယာများ ထောက်ပံ့ရေး၊ ဆောင်ရွက်ဆဲအပူပိုင်းဒေသ ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများ ထောက်ပံ့ရေးတို့နှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မိမိအနေဖြင့် အထူးအလေးထား ဆွေးနွေးခဲ့ပါကြောင်း။

အလားတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧက ၅၀၀ နှင့် အထက်ကို တစ်သင်းသတ်မှတ် စုဖွဲ့၍ လယ်ယာကုန်ထုတ်သမဝါယမ အသင်းအစုအဖွဲ့များဖြင့် ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအသင်းအစုအဖွဲ့များကို စနစ်တကျစုဖွဲ့၍ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ၊ အရင်းအနှီးများဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် သမဝါယမကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအစပျိုးထူထောင်နေပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ တွဲဖက်ဆောင်ရွက်ပြီး ဈေးကွက်ဝင်သည့် အသီးအနှံများနှင့်တွဲဖက်၍ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ပါက တောင်သူများအနေဖြင့် ထိုက်သင့်သော အကျိုးအမြတ်ရရှိပြီး ဝင်ငွေ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်အောင်၊ ချမ်းသာလာအောင် လုံ့လ၊ ဝီရိယ၊ စိတ်ဆန္ဒအပြည့်ဖြင့် အလုပ်ကိုကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်နိုင်အောင်လည်း မိမိတို့အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလျင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧက စိုက်ပျိုးရေးနည်းပညာစခန်း ရှင်းလင်းဆောင်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ၁၀ ဧက စံပြစိုက်ကွင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် Mr. Kapa Zhang တို့က နည်းပညာရပ်များနှင့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပ်မျိုးစပါး ၂၁ မျိုးကို ၁၀ ဧက စံပြစိုက်ကွင်းအတွင်း စမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် စမ်းသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မျိုးစေ့ထုတ် ၁၀ ဧက စိုက်ခင်းအတွင်း အဖိုလိုင်းစပ်မျိုးစပါးနှင့် အမလိုင်းစပ်မျိုးစပါးများ မျိုးစပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးပြီး ကျားကူးကျေးရွာရှိ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ၃၆၉ ဧကကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ကောက်ရိတ်သိမ်းနေစဉ်။ (သတင်းစဉ်)

ပါကစ္စတန်နှင့် အမေရိကန် အဆင့်မြင့်အရာရှိများ နှစ်ရက်ကြာဆွေးနွေးပွဲ မအောင်မြင်ဘဲပြီးဆုံး

ဝါရှင်တန် ဧပြီ ၂၉

အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ရှေ့မတိုး နောက်မဆုတ်သာဖြစ်နေသည့် သံတမန်ရေးရာ အခြေအနေကို အဆုံးသတ်ရန် ရည်ရွယ်၍ ကျင်းပသည့် အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲမှာ အောင်မြင်မှုမရရှိဘဲ ပြီးဆုံးသွားခဲ့ကြောင်း နာမည်ကြီး အမေရိကန်သတင်းစာတစ်စောင်က ဧပြီ ၂၈ ရက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန် မက်ဂရော့မင်းသည် နှစ်ရက်ကြာ ဆွေးနွေးပြီးနောက် သောကြာနေ့ည၌ အစ္စလာမ္မာဘတ်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း နယူးယောက်တိုင်းမ် သတင်းစာကြီးက ရေးသားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက အာဖဂန်နယ်စပ်ဒေသတွင် အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး ယိုယွင်းမှုကို ကုစားရန်ကြိုးစားသည့် ဆွေးနွေးပွဲမှာ မအောင်မြင်ခဲ့ဟု ဆိုသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုအတွက် တောင်းပန်မှုပြုရန် အမေရိကန်အစိုးရက ငြင်းဆိုခဲ့သည်။ ပါကစ္စတန်နိုင်ငံက လက်တုံ့ပြန်သည့်အနေဖြင့် အာဖဂန်စစ်မြေပြင်အတွက် နေတိုးတပ်ဖွဲ့များ အသုံးပြုသော ထောက်ပံ့ရေးလမ်းကြောင်းများကို ပိတ်ပစ်ခဲ့သည်။

၁၀ နှစ်ကြာ အာဖဂန်စစ်ပွဲကာလ၏ အသေအပျောက်အများဆုံး နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှု၏ နောက်ဆက်တွဲဖြစ်ရပ်များနှင့် စပ်လျဉ်း၍လည်း နှစ်နိုင်ငံသဘောတူညီမှု မရရှိခဲ့ပေ။

အမေရိကန်အစိုးရက မတောင်းပန်ခဲ့လျှင် အာဖဂန်နစ္စတန်နိုင်ငံသို့ နေတိုးထောက်ပံ့ရေးလမ်းကြောင်းကိုလည်း ပြန်လည်ဖွင့်မပေးနိုင်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။ အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံက ကတိကဝတ်ပြုထားသည့် စစ်ရေးအထောက်အပံ့များကို ရပ်ဆိုင်းထားခဲ့သည်။

သီတင်းပတ် သုံးပတ်အတွင်းကျင်းပမည့် ချီကာဂိုမြို့ နေတိုးထိပ်သီးစည်းဝေးပွဲသို့ ဖိတ်ကြားခြင်းခံရသော်မှ ပါကစ္စတန်နိုင်ငံက တက်ရောက်ဖွယ်ရာ လမ်းစမမြင်ကြောင်း နယူးယောက်တိုင်းမ်က ရေးသားထားသည်။ **အင်တာနက်။**

အစ္စလာမ္မာဘတ်မြို့၌ ကျင်းပခဲ့သော အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံအကြား အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်မှ မိန်းကလေးစာသင်ကျောင်း တာလီဘန်စစ်သွေးကြွဟု သံသယရှိသူများ ဖျက်ဆီး

အစ္စလာမ္မာဘတ် ဧပြီ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပက်ထန်ခဝါပြည်နယ်ရှိ အစိုးရပိုင် မိန်းကလေးစာသင်ကျောင်းတစ်ကျောင်းအား တာလီဘန်စစ်သွေးကြွများဟု သံသယရှိသူများက ဝင်ရောက်တိုက်ခိုက်ကြောင်း၊ အစိုးရတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ် အနောက်ဘက်မှ ၁၉၂ ကီလိုမီတာခန့်ကွာဝေးသော မန်ဒိုခေးခရိုင် လန်ဒီကိုတယ်မြို့ရှိ မူလတန်းအဆင့် မိန်းကလေးစာသင်ကျောင်းအတွင်းသို့ ဧပြီ ၂၈ ရက် နံနက်စောစောပိုင်းက စစ်သွေးကြွများ ဝင်ရောက်လာပြီး ဗုံးဖောက်ခွဲခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပရက်စ်တီဗွီသတင်းဌာနသို့ ပြောကြားသည်။

အခင်းဖြစ်ပွားချိန်တွင် ကျောင်းအတွင်း လူတစ်ဦးမျှမရှိသဖြင့် သေကျေပျက်စီးမှုသတင်းမရရှိကြောင်း၊ ယင်းနေရာတစ်ဝိုက်ကို တပ်ဖွဲ့ဝင်များကဝိုင်းဝန်းပိတ်ဆို့ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို ယခုထိမသိရသေးဟုဆိုသည်။ သို့ရာတွင် ပါကစ္စတန်မှ တာရစ်ခ်-အီး တာလီဘန်(တီတီပီ)များ၏လက်ချက်ဟု ယူဆရသည်။ ၎င်းတို့မှာ ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျောင်းများတွင် မိန်းကလေးများစာပေသင်ကြားမှုကို ပိတ်ပင်တားမြစ်ထားသူများဖြစ်ကြသည်။

လွန်ခဲ့သည့်နှစ်များအတွင်းက တီတီပီတို့လက်ချက်ကြောင့် စာသင်ကျောင်းရာချီပျက်စီးခဲ့ရသည်။ အထူးသဖြင့် ခိုင်ဘာပက်ထန်ခဝါ ပြည်နယ်တွင် ဖြစ်သည်။

အင်တာနက်။

ပျက်စီးသွားသည့် စာသင်ကျောင်းကို အရပ်သားများ ကြည့်ရှုနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် ၂၇ ခု တရုတ်နှင့် ရုရှားနိုင်ငံတို့ လက်မှတ်ရေးထိုး

မော်စကို ဧပြီ ၂၉

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ကုန်သွယ်ရေးဆိုင်ရာ အပြန်အလှန် သဘောတူညီမှုစာချုပ် ၂၇ ခုကို လက်မှတ်ရေးထိုးကြောင်း၊ ယင်းစာချုပ်များ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်ဟု ယူပီအိုင်သတင်းဌာနက ဖော်ပြသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် အခြားစီးပွားရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အစည်းအဝေးမကျင်းပမီပြုလုပ်သော အဆိုပါ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် လီကေကျောင်း တက်ရောက်ခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် ဘဏ္ဍာရေး၊ စွမ်းအင်နှင့် လျှပ်စစ်ပစ္စည်းများ တင်ပို့မှုများ၌ ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ ၂၀၁၁ ခုနှစ်တွင် အမေ ရိကန်ဒေါ်လာ ၉၇ ဒသမ ၂၅ ဘီလီယံရှိခဲ့ပြီး ၂၀၁၀ခုနှစ်နှင့် နှိုင်းစာပါက ၄၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်တာနက်။

တောင်ဆူဒန်သို့ တရုတ်က ဒေါ်လာ ရှစ်ဘီလီယံ ချေးမည်

ဂျူဘာ ဧပြီ ၂၉

အခြေခံအဆောက်အအုံများတည်ဆောက်ရေးအတွက် တရုတ်နိုင်ငံက တောင်ဆူဒန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ထုတ်ချေးရန် သဘောတူညီလိုက်ကြောင်း ဂျူဘာအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဘားနာဘာမာရီယဲလ်ဘင်ဂျာမင်က ဧပြီ ၂၈ ရက်တွင် ပြောကြား သည်။

လမ်းများ၊ တံတားများ၊ ရေအားလျှပ်စစ်၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးစီမံကိန်းများအတွက် လာမည့်နှစ်နှစ်အတွင်း အဆိုပါ ချေးငွေကို အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

စီမံကိန်းအသေးစိတ်အချက်အလက်များကို နှစ်နိုင်ငံဝန်ကြီးများနှင့် လုပ်ငန်းတာဝန်ယူလုပ်ကိုင်မည့် တရုတ်ကုမ္ပဏီများက ရှင်းပြမည်ဟု ဘင်ဂျာမင်က ဆိုသည်။

တရုတ်နိုင်ငံသည် တောင်ဆူဒန်မှ ရေနံအများဆုံးဝယ်ယူသောနိုင်ငံဖြစ်သည့် အလားတူ ကာလကြာမြင့်စွာကပင် ဆူဒန်နိုင်ငံနှင့် စီးပွားရေး ဆက်ဆံမှုရှိသည့်အပြင် ရေနံလည်း ဝယ်ယူလျက်ရှိသည်။

သို့သော်လည်း ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း တောင်ဆူဒန်နိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေးကြေညာပြီးနောက် ယင်းနိုင်ငံသစ်နှင့် ဆက်ဆံရေးကောင်းမွန်စေရန် တရုတ်နိုင်ငံကဆောင်ရွက်ခဲ့သည်။ **အင်တာနက်။**

ဂျပန်နိုင်ငံတွင် ခရီးသည်တင်ကားတစ်စီး မတော်တဆဖြစ်၊ ခုနစ်ဦးထက်မနည်းသေဆုံးပြီး ၃၉ ဦးဒဏ်ရာရ

တံတိုင်းကို ဝင်တိုက်သည့် ခရီးသည်တင်ဘတ်စ်ကားကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုကျို ဧပြီ ၂၉

ဂျပန်နိုင်ငံ မြို့တော်တိုကျို ဒစ်စနေးလင်းန်ဒ်သို့ ဦးတည်မောင်းနေသော ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် အဝေးပြေးလမ်းမကြီးအနီးရှိ တံတိုင်းတစ်ခုအား ဝင်တိုက်မိကြောင်း၊ ဖြစ်စဉ်ကြောင့် ခုနစ်ဦးထက်မနည်းသေဆုံးကာ ၃၉ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် တိုကျိုမြို့အနောက်မြောက်ဘက်မှ ၆၂ မိုင်ကွာဝေးသော ဖူဂျီအိုကာဒေသရှိ ကန်နက်ဆု အဝေးပြေးဘေးတွင်ရှိသော တံတိုင်းတစ်ခုကို အရှိန်ပြင်းစွာ ဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ကားပေါ်တွင် ခရီးသည် ၄၅ ဦး ပါလာကြောင်း၊ ဧပြီ ၂၉ ရက် အရုဏ်မတက်မီ အချိန်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဘတ်စ်ကားသည် ကမ္ဘာလှည့်ခရီးသည်တင်ကား ဖြစ်ပြီး တိုကျိုမြို့အနောက်မြောက်ဘက်မှ ကီလိုမီတာ ၃၀၀ ကွာဝေးသော ကန်နာဇဝါမှ ဧပြီ ၂၈ ရက်နှောင်းပိုင်းက ထွက်ခွာလာကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

လမ်းဘေးတံတိုင်းနှင့် ဘတ်စ်ကား ဝင်တိုက်ရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အင်တာနက်။

ဟေတီတွင် ရေလွှမ်းမိုးပြီးမြေပြို လူ ၁၀ ဦးထက်မနည်း သေဆုံး

ဆန်တိုဒိုမင်ဂို ဧပြီ ၂၉

ဟေတီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးပြီး လူအများအပြားပျောက်ဆုံးလျက်ရှိကြောင်း ဟေတီနိုင်ငံ မြို့ပြကာကွယ်ရေးဌာနက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။

ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းကြောင့် လူနေအိမ်ခြေရာချီ ပျက်စီးခြင်း၊ ပြည်သူလူထုနှင့်သက်ဆိုင်သော အဆောက်အအုံများ ပျက်စီးခြင်း၊ စိုက်ပျိုးမြေဧကပေါင်းများစွာ ရေလွှမ်းမိုးခြင်းများဖြစ်ပွားခဲ့ကြောင်း ယင်းဌာနက ပြောကြားသည်။

ရေလွှမ်းမိုးမှုဒဏ်ကို ဟေတီနိုင်ငံအနောက်ပိုင်းနှင့် တောင်ပိုင်းတွင် အဆိုးဆုံးခံကြရသည်။ ထို့ပြင် မြို့တော်ပေါ်တိုပရင့်စ်ရှိ ငလျင်ဘေးဒုက္ခသည်များနေထိုင်သော ဒုက္ခသည်စခန်းရှိ ယာယီခိုလှုံရေးစခန်းများမှ ရွက်ဖျင်တဲများစွာ ပျက်စီးသွားရသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလက ဟေတီနိုင်ငံတွင် ငလျင်အကြီးအကျယ်လှုပ်ခဲ့သဖြင့် ဟေတီပြည်သူသန်းဝက်နီးပါး ပေါ်တိုပရင့်စ် မြို့တော်တစ်ဝန်းရှိ ယာယီခိုလှုံရေးစခန်း ၆၆၀ ၌ နေထိုင်ခဲ့ကြရသည်။ **ဆင်ဟွာ။**

❖ နွေရာသီမှ

လျာထားချက်များကို ခြုံငုံသုံးသပ်ရှင်းလင်းတင်ပြသည်။

ထိုသို့ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားရာတွင် မိမိတို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ခြင်းနှင့်ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့်ထုတ်လုပ်၍ ထုတ်လုပ်ရရှိလာသော လျှပ်စစ်ဓာတ်အားအား လက်ကားရောင်းချခြင်းလုပ်ငန်းကို အဓိကဆောင်ရွက်ကြောင်း၊ ရောင်းချရာတွင် မိမိတို့ဓာတ်အားပေးစက်ရုံများ၏ Switch Yard ၏အဝမှ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းသို့ တိုက်ရိုက်လက်ကားရောင်းချပေးကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မိမိတို့ဓာတ်အားပေးစက်ရုံများမှ ရောင်းချပေးသော လျှပ်စစ်ဓာတ်အားများကို ဝယ်ယူ၍ မဟာဓာတ်အားလိုင်းဖြင့် သယ်ယူပြီး ၎င်းဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများနှင့် ပေါင်းစပ်ပြီးလျှင် ရန်ကုန်မြို့သို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တစ်ဆင့်လည်းကောင်း၊ အခြားမြို့နယ်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တစ်ဆင့်လည်းကောင်း ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားပေးစက်ရုံမျိုးများကို အထူးမှာကြားလိုသည်မှာ နွေရာသီ၌ ပြည်သူများသည် ရာသီဥတုပူပြင်းလာမှုကြောင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြသဖြင့် မဟာဓာတ်အားလိုင်း၏ လိုအပ်ချက်နှင့် တောင်းခံမှုအပေါ် မူတည်၍ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရောင်းချပေးမှုကို ထိန်းညှိထုတ်လုပ်ပေးရန်လိုအပ်ကြောင်း၊ တစ်နာရီနှင့်တစ်နာရီ ဓာတ်အားလိုအပ်ချက်မတူသကဲ့သို့ နေ့အချိန်နှင့်ညအချိန် ဓာတ်အားလိုအပ်ချက်သည်လည်း မတူညီကြောင်း၊ ဥပမာအားဖြင့် ဧပြီ ၁၉ ရက်က တစ်နိုင်ငံလုံး၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကိုကြည့်လျှင် ည ၇ နာရီသည် သုံးစွဲမှုအမြင့်ဆုံးအချိန်ဖြစ်ပြီး ထိုအချိန်၌ ၁၅၉၁ မဂ္ဂါဝပ် သုံးစွဲခဲ့ပြီး နံနက် ၄ နာရီသည် သုံးစွဲမှုအနိမ့်ဆုံးအချိန်ဖြစ်၍ ၉၃၄ မဂ္ဂါဝပ်သာသုံးစွဲခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၃၆၇၈၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၄၀၀၈၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၄၂၄၇၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၄၇၃၊၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆၅၄၃၊၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၇၈၀ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် တစ်နှစ်လုံး မိမိတို့၏ ဓာတ်အားပေးစက်ရုံများမှ ကီလိုဝပ်နာရီသန်းပေါင်း ၉၁၀၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ သဘာဝအရလည်း မိုးကာလတွင် ရာနှုန်းပြည့်နီးပါး လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ပြီး နွေကာလတွင် တမံ၌ ရှိသော ရေပမာဏအပေါ် မူတည်၍ လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်မှု လျော့နည်းခြင်းကြောင့်လည်း ဖြစ်ကြောင်း၊ နွေရာသီဓာတ်အားပေးမှုကို သုံးသပ်လျှင် ၂၀၁၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများ၏ အမြင့်ဆုံးဓာတ်အား လိုအပ်ချိန်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပေးစက်ရုံများမှ ၁၁၆၈ မဂ္ဂါဝပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၃၃၀ မဂ္ဂါဝပ်ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများ၏ အမြင့်ဆုံးဓာတ်အားလိုအပ်ချိန်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပေးစက်ရုံများမှ ၁၃၄၀ မဂ္ဂါဝပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ၃၅၂ မဂ္ဂါဝပ်အထိ ထုတ်လုပ်ခဲ့ကြောင်း၊ ဓာတ်အားထုတ်လုပ်ပေးမှုမှာ ယခင်နှစ် နွေရာသီထက် လျော့သွားခြင်းမရှိကြောင်း၊ ၂၀၁၂ ခုနှစ် မေ၊ ဇွန်လများအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပေးစက်ရုံများမှ အမြင့်ဆုံးဓာတ်အားလိုအပ်ချိန်တွင် ၁၂၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်ရန်စီစဉ်ထားပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှလည်း မဂ္ဂါဝပ် ၃၀၀ မှ ၃၅၀ အထိ ထုတ်လုပ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

မြန်မာ-တရုတ် ဖက်စပ်တည်ဆောက်ခဲ့သော ဓာတ်အားပေးစက်ရုံအဖြစ် တာပိန်(၁)နှင့် ရွှေလီ(၁)ဓာတ်အားပေးစက်ရုံ နှစ်ရုံရှိကြောင်း၊ တာပိန်(၁)စက်ရုံမှာ လုံခြုံရေးအခြေအနေများအရ ၁၄-၆-၂၀၁၁ ရက်မှစ၍ ရပ်နားထားရပြီး ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်းမရှိကြောင်း၊ ရွှေလီ(၁)ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သောဓာတ်အားကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းမှ သီးသန့် ဝယ်ယူမှုအဖြစ် ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ ၂၁၀ မဂ္ဂါဝပ်၊ ၂၀၁၀ ခုနှစ် ဇူလိုင်လမှ ၂၀၁၁ ခုနှစ် ဇွန်လအထိ ၂၁၀ မဂ္ဂါဝပ်၊ ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၂ ခုနှစ် ဇွန်လအထိ ၁၁၀ မဂ္ဂါဝပ် ဝယ်ယူအသုံးပြုခဲ့ကြောင်း၊ ယခုနွေရာသီတွင် ဓာတ်အားထပ်မံလိုအပ်ချက်အရ မဟာဓာတ်အားလိုင်းသည် နောက်ထပ်မဂ္ဂါဝပ် ၁၀၀ ထပ်မံဝယ်ယူလိုကြောင်း အဆိုပြုသဖြင့် ဖက်စပ်ကုမ္ပဏီမှ ရောင်းချပေးရန် စီစဉ်ပေးလျက်ရှိကြောင်း၊ ရွှေလီဖက်စပ်ကုမ္ပဏီမှ လျှပ်စစ်ဓာတ်အား ရောင်းချသောစနစ်သည် တစ်နှစ်စာ စာချုပ်ချုပ်၍ ရောင်းချသော စနစ်ဖြစ်ကြောင်း၊ ဓာတ်အားရောင်းချပေးသော ဈေးနှုန်းမှာလည်း မြန်မာဘက်ရောင်းချခြင်းနှင့် တရုတ်ဘက်ရောင်းချခြင်း ဈေးနှုန်း အတူတူပင်ဖြစ်ကြောင်း၊ လျှပ်စစ်တစ်ယူနစ်/တစ်ကီလိုဝပ်နာရီလျှင် ယွမ်ငွေ သုည ဒသမ ၁၈၉ ယွမ်၊ မြန်မာကျပ်ငွေဖြင့်ဆိုလျှင် ၂၄ ဒသမ ၆၀ ကျပ်ခန့်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် မိမိတို့ဝန်ကြီးဌာနမှ ကိုယ်တိုင်တည်ဆောက်နေသည့် ဖြူး၊ နန်ချို၊ အထက်ပေါင်းလောင်းစီမံကိန်းများသည် တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက်ပြီးစီးလာမည်ဖြစ်ပြီး စုစုပေါင်း မဂ္ဂါဝပ် ၂၂၀ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပင် မိမိတို့ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ B.O.T စနစ်ဖြင့် ပူးပေါင်းတည်ဆောက်နေသည့် သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူးချောင်းစီမံကိန်းများသည်လည်း တစ်နှစ်ပြီးတစ်နှစ် ဆက်တိုက်ပြီးစီးလာမည်ဖြစ်ပြီး စုစုပေါင်းမဂ္ဂါဝပ် ၂၀၂ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားများကိုလည်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းမှ ထပ်မံဝယ်ယူလာမည်ဖြစ်၍ လက်ကားရောင်းချပေးနိုင်ရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် ဖြစ်ကြောင်း၊ လျှပ်စစ်တစ်ယူနစ်/တစ်ကီလိုဝပ်နာရီ၏ ထုတ်လုပ်စရိတ်များသည် စက်ရုံတစ်ရုံနှင့်တစ်ရုံ ထုတ်လုပ်စရိတ်မတူညီသဖြင့် ရောင်းချစရိတ်များသည်လည်း စက်ရုံတစ်ရုံနှင့်တစ်ရုံ မတူနိုင်ကြောင်း၊ ဥပမာအားဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ပျမ်းမျှလျှပ်စစ်တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်သည် ၁၉ ဒသမ ၅၅ ကျပ်ဖြစ်ပြီး တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်သည် ၅၃ ဒသမ ၅၄ ကျပ်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် တိုးတက်လိုအပ်လာသော လျှပ်စစ်ဓာတ်အားကို နှစ်စဉ်တိုးတက်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ရောင်းချပေးနိုင်ရန်နှင့် ဓာတ်အားပေးစက်ရုံများ၏ ကြံ့ခိုင်ကောင်းမွန်ရေးကိုလည်း အမြဲမပြတ်ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစား | နိုင်လင်းကြည်

ကစားသမားဘဝတစ်လျှောက်လုံး မန်ယူ၌ နေလိုသည့်တိုက်စစ်မှူး နာနီ

မန်ချက်စတာ ဧပြီ ၂၉

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတိုက်စစ်မှူး နာနီသည် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် မန်ယူနည်းပြ ဆာအဲလက်စ်ဖာဂူဆန်နှင့် ပြင်ဆင်မှုများပြုလုပ်ထားပြီး ယခု သီတင်းပတ်အစောပိုင်းက နာနီနှင့် သူ၏ချစ်သူ ဒန်နီရယ်လာမာတင်တို့ စေ့စပ်ကြောင်းလမ်းခဲ့ကြောင်းလည်း ကြေညာခဲ့သည်။

နာနီ**(ယာပုံ)**သည် ၎င်း၏ ဘောလုံးသမားဘဝကို တစ်ဆင့်ပြီး တစ်ဆင့် ပုံဖော်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိကလပ် မန်ယူအသင်းနှင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀ ဖြင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုရန်ရှိကြောင်း၊ သို့သော် ၂၀၁၆ ခုနှစ် ဇွန်လအထိ မန်ယူအသင်းနှင့် စာချုပ်ရန် ကြိုးစားနေသည်ဟု ဆိုသည်။

နာနီသည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၁၃ ဂိုး သွင်းထားသူဖြစ်ရာ အီတလီအင်အားကြီးကလပ်များဖြစ်သည့် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ကလည်း နာနီအား စိတ်ဝင်စားလျက်ရှိကြောင်း အီတလီသတင်းဌာနများက ဖော်ပြသည်။ နာနီက မန်ယူ၌သာ ဆက်နေမည်ဟုဆိုသည်။

နာနီသည် မန်ယူအသင်းနှင့်စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်ထားကြောင်း ၎င်း၏ အေးဂျင့် ဖြစ်သူက

ပြောကြားခဲ့သည်။ နာနီသည် ၂၀၀၇ ခုနှစ် ဇူလိုင်လက စပို့တင်းလစ္စဘွန်းအသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ၁၉၃ ပွဲကစားပေးထားသူဖြစ်သည်။

၂၀၀၉ ခုနှစ် ဇွန်လက ပေါ်တူဂီစူပါစတား ခရစ္စတီယာနိုရော်နယ်ဒို စပိန်ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့သွားပြီးနောက်ပိုင်း မန်ယူ၌ နာနီ၏ အရေးပါလာမှုမှာ ပေါ်လွင်လာခဲ့ခြင်းဖြစ်ကြောင်းကိုလည်း နာနီက ဝန်ခံပြောကြားခဲ့သည်။

အင်တာနက်။

နိုင်ငံတကာရုပ်ရှင် | အေဝမ်းစိုး

မကြာမီရှုစားရမည့် ကိုရီးယားဇာတ်ကားသစ် Taste of Money

Taste of Money အမည်ရှိ ကိုရီးယားရုပ်ရှင်ကားကို လာမည့်လတွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကားအရောင်းမြှင့်တင်ရေးကုမ္ပဏီ Synergy က ထုတ်ပြန်ကြေညာသည်။

ယင်းဇာတ်ကားနှင့် ပတ်သက်၍ ဧပြီ ၂၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကိုရီးယားထိပ်တန်းသရုပ်ဆောင်များဖြစ်သော ကင်မ်ကန်ဝူး၊ ကင်မ်ဟိုဂျင်နှင့် ယွန်ယိုဂျန်တို့ အဓိကခေါင်းဆောင် ပါဝင်လှုပ်ရှားထားသည့် Taste of Money ဇာတ်ကား**(ယာပုံ)**ကို မေ ၁၇ ရက်တွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း Synergy ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ အင်ဆန်ဆိုက ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။ ယန်းဂျက် (ကင်မ်ကန်ဝူး) က မစ္စဘေ့စ် (ယွန်ယိုဂျန်)၏ အတွင်းရေးမှူးအဖြစ် သရုပ်ဆောင်ထားသည်။ ယန်းဂျက်သည် နောက်ပိုင်းတွင် ငွေကြေး၏ အရေးပါအရာရောက်မှုနှင့် အရသာကို သိရှိခံစားနာလည်သွားပြီး လိင်မှုကိစ္စအပျော်အပါး၊ အာဏာနှင့် ဝါဒရေးရာများကို လွှမ်းမိုးချုပ်ကိုင်ရှင်သန်ရပ်တည်နိုင်ရန် ကြိုးစားရုန်းကန်လှုပ်ရှားထားပုံများကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ပြထားသည်။

၎င်းဇာတ်ကားကို ပြင်သစ်နိုင်ငံ၌ ယခုနှစ် မေ ၁၆ ရက်မှ ၂၇ ရက်ထိ ကျင်းပမည့် ကန်းရုပ်ရှင်ပွဲတော်တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့တော် တောင်ပိုင်းရှိ အိုကီနိုတိုရီ သန္တာကျွန်းငယ်ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ၏ ကမ်းဦးရေတိမ်ဒေသနယ်နိမိတ်တိုးချဲ့ရေး ကုလသမဂ္ဂ သဘောတူ

တိုကျို ဧပြီ ၂၉

နိုင်ငံ၏ ကမ်းဦးရေတိမ်ပိုင်းဒေသနယ်နိမိတ်အကျယ်အဝန်းကို ဧရိယာ စတုရန်းမိုင် ၁၁၉၆၉၁ မိုင်အထိ တိုးချဲ့ရန် ဂျပန်နိုင်ငံ၏ မေတ္တာရပ်ခံချက်အား ကုလသမဂ္ဂက လက်ခံခဲ့ကြောင်း ဧပြီ ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် တင်သွင်းခဲ့သော ကမ်းဦးရေတိမ်ပိုင်းဒေသ တိုးချဲ့ရေးဆိုင်ရာ မေတ္တာရပ်ခံချက်အရ ဂျပန်နိုင်ငံသည် တိုကျိုမြို့တော် တောင်ပိုင်း အိုကီနိုတိုရီသန္တာကျွန်းဝန်းကျင် ရေအောက်ကြမ်းပြင်ဒေသများမှ သဘာဝသယံဇာတများကို ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။

ကုလသမဂ္ဂ သဘောတူညီချက်ဖြင့် တိုးချဲ့မည့် ကမ်းဦးရေတိမ်ပိုင်းဒေသ အကျယ်အဝန်းသည် ဂျပန်နိုင်ငံ ကုန်းမြေဧရိယာ စုစုပေါင်းအကျယ်အဝန်း၏ ၈၂ ရာခိုင်နှုန်းခန့်နှင့် ညီမျှမည်ဖြစ်ကြောင်း ကမ်းဦးရေတိမ်ဒေသများ ကန့်သတ်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်က ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ကြမ်းပြင်နယ်နိမိတ်ပိုင်ဆိုင်မှုကို ရေမိုင် ၂၀၀ အကွာအဝေးအထိ ပင်လယ်ရေကြောင်း ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။

ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံအနေဖြင့် ပင်လယ်ကြမ်းပြင်နှင့် ၎င်းပိုင်ကမ်းဦးရေတိမ်ဒေသတို့ ဆက်စပ်မှုရှိကြောင်း သက်သေပြနိုင်လျှင် ခွင့်ချက်အားဖြင့် နယ်နိမိတ်တိုးချဲ့နိုင်ခွင့်ရှိသည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် အိုကီနိုတိုရီ သန္တာကျွန်းသည် ကျွန်းတစ်ကျွန်း၏ စံနှုန်းနှင့်မကိုက်ညီကြောင်း ပြောကြားကာ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ဂျပန်နိုင်ငံ၏ ကမ်းဦးရေတိမ်ဒေသနယ်နိမိတ်တိုးချဲ့မှုကို ကန့်ကွက်ထားသည်။ **အင်တာနက်။**

အိုလံပစ်ပွဲတော်လုံခြုံရေး ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်နိုင်မည့်နေရာများ ဗြိတိန်စစ်ဘက်ရှာဖွေနေ

လန်ဒန် ဧပြီ ၂၉

၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်ကာလအတွင်း လေကြောင်းမှ အကြမ်းဖက်တိုက်ခိုက်လာပါက ကာကွယ်ရေးအတွက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်ချထားနိုင်မည့် လူနေအဆောက်အအုံများအပါအဝင် သင့်လျော်သည့်နေရာများအား လန်ဒန်မြို့တော်အတွင်း ဗြိတိန်စစ်ဘက်က ရှာဖွေလျက်ရှိကြောင်း ဧပြီ ၂၈ ရက်သတင်းများတွင် ဖော်ပြသည်။

အိုလံပစ်ပွဲတော်အတွက် အဆင့်ဆင့်ဆောင်ရွက်ထားရှိမည့် လေပိုင်နက် လုံခြုံရေးစီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ထားနိုင်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လန်ဒန်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် လန်ဒန်မြို့တော်ကောင်းကင်ယံကို ဗြိတိန်ဘုရင့်လေတပ်မှ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များကလည်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဘက်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေခံ၍ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များ ချထားမည့်နေရာများကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များ ယာယီချထားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများလျော့ပါးစေရေးအတွက် ဒေသခံအာဏာပိုင်များ၊ မြေပိုင်ရှင်များနှင့် ဆွေးနွေးနေကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဇူလိုင် ၂၇ ရက်တွင် စတင်မည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော်အတွက် ငြိမ်းချမ်းသော ကာလများတစ်လျှောက် အကြီးမားဆုံး လုံခြုံရေးစီမံချက်ကို ဗြိတိန်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည်။

အင်တာနက်။

၂၀၁၂ လန်ဒန်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် အစမ်းလေ့ကျင့်မှု လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

မဲခေါင်မြစ်ကူးတံတားတည်ဆောက်မည့် လျာထားနေရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မဲခေါင်မြစ်ကူးတံတားတည်ဆောက်မည့် လျာထားနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး Mr. Nilahath Sayarath လိုက်ပါလျက် မေ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တာချီလိတ်မြို့သို့ လေယာဉ်ဖြင့်ထွက်ခွာပြီး တာချီလိတ်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးနှင့် မြို့နယ်အင်ဂျင်နီယာရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်-တာလေ လမ်းအပိုင်း (၂၉/၆)မိုင်နှင့် တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း (၃၇/၀)မိုင်တို့အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံဘက် ကျိုင်းလပ်နှင့် နှစ်မိုင်အကွာ မဲခေါင်မြစ်ကမ်းသို့ ရောက်ရှိပြီး မဲခေါင်မြစ်ကူးတံတား တည်ဆောက်မည့် လျာထားနေရာကို ကြည့်ရှုစစ်ဆေးသည်။ ယင်းမှ ရေယာဉ်ဖြင့် မဲခေါင်မြစ်ကိုဖြတ်၍ လာအိုနိုင်ငံဘက်ကမ်း ဇင်းကုတ်မြို့အနီး တံတားတည်ဆောက်မည့်နေရာသို့သွားရောက်ရာ လာအိုပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sommad Pholsena နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လာအိုဘက်ကမ်းရှိ နမ်းထခရိုင် မိုင်းလောမြို့နယ်ခွဲ ရော်ဘာစက်ရုံရှိ ခန်းမဆောင်၌ လာအိုပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် မဲခေါင်မြစ်ကူးတံတားတည်ဆောက်မည့် အခြေအနေ၊ တံတားအူကြောင်း လျာထားရွေးချယ်မှု၊ မဲခေါင်မြစ်ရေစီးကြောင်း အခြေအနေ၊ တည်ဆောက်မည့်တံတား၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ ပုံစံများ၊ တည်ဆောက်မည့်နည်းစနစ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံအင်ဂျင်နီယာများ ပါဝင်သောပူးပေါင်းအဖွဲ့သည် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ရေယာဉ်ဖြင့် တံတားတည်ဆောက်မည့်လျာထားနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မဲခေါင်မြစ်ကူးတံတားတည်နေရာသည် မြန်မာနိုင်ငံဘက်တွင် တာချီလိတ်ခရိုင် ကျိုင်းလပ်နှင့် နှစ်မိုင်အကွာ မဲခေါင်မြစ်ကမ်း၌ တည်ရှိပြီး အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသွားပါက မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်ခရိုင်၊ ကျိုင်းတုံခရိုင်နှင့် လာအိုနိုင်ငံတို့ ကုန်စည်ကူးသန်းသွားလာမှုများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား စီးပွားရေး၊ လူမှုရေး၊ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး နှစ်နိုင်ငံလုံးအတွက် အလွန်အကျိုးရှိမည့် တံတားကြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၅-၂၀၁၂ (တနင်္လာနေ့)

၅း၄၀	"ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း" တရားတော် (သုညတဓမ္မ ဆရာတော်ဘဒ္ဒန္တစန္ဒသေန)
၉း၃၅	အလက(၂)မော်လမြိုင် (ယခင်မောင်ငံကွင်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲ)
၁၀း၂၀	Celebrity Choice (မင်းသွေး)
၁၂း၂၅	Myanmar Cooking Master
၂း၄၅	Miss Thingyan Contest 2012
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၈)**
၇း၄၀	ဗီဒီယိုပြခန်း
၈း၃၀	**မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign of Love (အချစ်သင်္ကေတ)(အပိုင်း-၁)
၉း၂၀	Show Room (Part-16)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၂)**
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂၈)**
၁၂း၁၀	ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးပညာပေး ဆွေးနွေးခန်း (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသိဂီမြင့်)
၁း၂၅	Barclays Premier League (Man City Vs Man U)
၄း၄၅	စေတီတို့ရဲ့ နောင်တော် တံ့တေးရွှေဆံတော်

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Man City - Man U	Star Sports (MRTV-4)

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၉

ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်/ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များအပေါ် အလေးအနက်ထားပြီး ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသည့် အစိုးရအဖွဲ့ဖြစ်ထွန်းလာအောင် တာဝန်ယူဆောင်ရွက်ကြရန်၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးသားမှု၊ ကြိုးစားမှု၊ စေတနာထားမှုတို့ဖြင့် အချိန်ကိုတန်ဖိုးထားပြီး ပူးပေါင်းဆောင်ရွက်ကြရန် စသည်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက မေ ၂၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ တမူး၊ မော်လိုက်၊ ရွှေဘို၊ မုံရွာခရိုင်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ မြို့နယ်နှင့် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဖြည့်စွက်ရှင်းလင်းသုံးသပ်တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်/မြို့နယ်နှင့် မြို့နယ်ခွဲများမှ အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၄ ရက် မွန်းလွဲပိုင်းတွင်လည်း စစ်ကိုင်းမြို့ ဗုဒ္ဓဘာသာပညာရေးစင်တာသို့ ရောက်ရှိပြီး ဗုဒ္ဓဘာသာပညာရေးသင်တန်း အမှတ်စဉ်(၃)သို့ သင်တန်းသား သင်တန်းသူများ တက်ရောက်ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းမြို့ အမှတ်(၁၆) ရဲတပ်ရင်း သင်တန်းခန်းမ၌ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် တွေ့ဆုံပြီး အမှတ်(၁၆)ရဲတပ်ရင်းအတွက် ထောက်ပံ့ငွေများ၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။(သတင်းစဉ်)

Double Strong Championship 2012 ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၂၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ဦးစီးကျင်းပသော Double Strong Championship 2012 (ရန်ကုန်) ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေး အားကစားခန်းမ(သုဝဏ္ဏ)၌ ကျင်းပသည်။

ဆုပေးပွဲတွင် လူသစ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲ၌ တတိယဆုရ ကာကွယ်ရေး(ဂ) အသင်းအား အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချကီယိုးက လည်းကောင်း၊ ဒုတိယဆုရ ကာကွယ်ရေး(ခ)အသင်းအား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားနည်း နာယက ဒေါ်သက်သက်ဆွေက လည်းကောင်း၊ ပထမဆုရ ပြည်ထဲရေးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက လည်းကောင်း၊ အလွတ်တန်းနှစ်ယောက်တွဲ ပြိုင်ပွဲ၌ တတိယဆုရ ရွှေကျွန်းသား အသင်း၊ ဒုတိယဆုရ ရွှေသန်လျင်အသင်းတို့အား တာဝန်ရှိသူများက လည်းကောင်း ဆုများ ချီးမြှင့်ကြပြီး ပထမဆုရ ပြည်ထဲရေးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် Double Strong Championship 2012 (ရန်ကုန်) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဂျပန်လေကြောင်းလိုင်းက ရန်ကုန်-နာရီတာ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲသွားမည်

ရန်ကုန် မေ ၂၉

ဂျပန်လေကြောင်းလိုင်း All Nipon Airway (ANA) က ရန်ကုန်-နာရီတာ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှိုဟီကို နိုဒက ပြောကြားခဲ့သည်။

မကြာမီ

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများတွင် ဂျပန်နိုင်ငံမှလည်း အဓိကမဏ္ဍိုင်(၃)ရပ်ဖြင့် အကူအညီပေးသွားမည်ဖြစ်ရာ ကဏ္ဍအသီးသီးမှ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ကူးလူးဆက်သွယ်ရာတွင် တိုးတက်မှုများရရှိစေရေးအတွက် တိုက်ရိုက်လေကြောင်းလိုင်းခရီးစဉ်ကိုလည်း ပျံသန်းပြေးဆွဲသွားမည်ဟု သိရသည်။ တိုက်ရိုက်လေကြောင်းလိုင်းခရီးစဉ်များ မကြာမီ ပျံသန်းပြေးဆွဲသွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ စတော့ဈေးကွက် ထူထောင်နိုင်ရေးအတွက်လည်း Daiwa Security Group နှင့် Tokyo Stock Exchange တို့ကလည်း လိုအပ်သည့်အကူအညီများ ပေးအပ်သွားမည်ဟု သိရသည်။ ယင်းအပြင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် Master Plan ရေးဆွဲရေးတို့တွင်လည်း အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေမှုမှာ ဒေသတွင်း အာဆီယံနိုင်ငံအချို့သာဖြစ်ပြီး အာရှအင်အားကြီး၊ ကမ္ဘာ့စီးပွားရေးအင်အားကြီး ဂျပန်နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲနိုင်ခြင်းမှာ အလားအလာကောင်းပင်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများကြောင့် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လာရောက်ဆွေးနွေးမှုများ၊ နားလည်မှုစာချွန်လွှာရေးထိုးမှုများ ဆောင်ရွက်လာလျက်ရှိသည်။ အာဆီယံဒေသတွင်းနိုင်ငံများကလည်း မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လိုနေကြပြီး တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲသည့် ခရီးစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်လိုကြသည်ဟု သိရသည်။

(ဆုနှင်းလွဲ့)

အောင်သီရိဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ်များအား ဒုတိယအကြိမ် စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းခြင်း (သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၉

အောင်သီရိဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ် ၁၅၀ တို့အား ဒုတိယအကြိမ် စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းခြင်း (သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲမင်္ဂလာကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါ မြို့နယ် ကျည်တောင်ကန်ကျေးရွာ ကျည်တောင်ကန် တိုက်သစ် အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသိရီနှင့် နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့် တော်မူကြပြီး အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော် ကောင်စီဝင် ဦးသန်းဌေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးနှင့် တာဝန်ရှိသူများ၊ ရှင်အပါး ၁၅၀ ၏ မိဘများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ ကို လေးမြတ်ရိုသေစွာ နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ငွေတောင်တောရဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာ သိရီအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဝဲကြီး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စဝံသအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရအား လည်းကောင်း၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်ဇနီး မိသားစု များက ပင့်သံဃာတော် ဆရာတော်များအား လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် အောင်သီရိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ငွေတောင်တောရဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသိရီထံမှ ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ် များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူ တော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အောင်သီရိဖောင်ဒေးရှင်းသည် ၂၀၁၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ် ၃၀၀ တို့အား ဝဲကြီးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ပထမ အကြိမ် စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်း ခြင်း အခမ်းအနားအား အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ် ၁၅၀ တို့အား ဒုတိယအကြိမ် စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင် အတွင်းသို့ သွတ်သွင်းခြင်း (သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲ မင်္ဂလာ ကုသိုလ်တော်အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ဝန် ကြီး ချုပ် ဦးစဝ်အောင်မြတ် ခိုလမ်မြို့နယ်ခွဲ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံသစ် ကမ္ပည်းမော်ကွန်း ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

လွိုင်လင်ခရိုင် ခိုလမ်မြို့နယ်ခွဲ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၉

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ခိုလမ်မြို့နယ်ခွဲ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံသစ်၌ ကျင်းပရာ အလှူရှင် ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ကျော်မျိုးက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စောလွင်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကြေးပြားအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူတို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကို ဆေးရုံယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာက ခုတင်(၁၀၀) ပြည်သူ့ ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးက လည်း ကောင်း၊ ဆေးရုံသုံးလူနာတင်ယာဉ်၊ အုပ်ချုပ်မှုယာဉ် များအား ကမ္ဘောဇဘဏ်လီမိတက် စီမံကိန်း ညွှန်ကြားရေးမှူး ဦးခင်အောင်က လည်းကောင်း၊ ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၃၀၀၀ ကို ကမ္ဘောဇဘဏ်လီမိတက်မှ ညွှန်ကြားရေးမှူး ဒေါ်ခင် ဝင်းရီက လည်းကောင်း၊ Sky Net, Internet နှင့် ရုပ်သံလိုင်းများအား ရွှေသံလွင်ကုမ္ပဏီလီမိတက် ကိုယ်စား ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယ အထွေထွေမန်နေဂျာ ဒေါ်စန္ဒာဝင်းက လည်းကောင်း၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးအဖွဲ့ဥက္ကဋ္ဌ ဦးမဟာဂျာက အလှူငွေကျပ် သိန်း ၃၀ ကို လည်း ကောင်း ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသည် ကမ္ဘောဇဘဏ်လီမိတက်က မြေဧက ၁၀၀ ပေါ်တွင် ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ထိုင်းခြေစမ်းခရီးစဉ်တွင် ရတနာပုံအသင်း ရလဒ်ထက် အတွေ့အကြုံရရှိရေး ဦးစားပေးယှဉ်ပြိုင်နေ

သတင်းနှင့် ဓာတ်ပုံ
စိုးညွန့်(ခေတ္တ - ဗန်ကောက်)

ဗန်ကောက် ဧပြီ ၂၉

ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ပြီး ခြေစမ်းပွဲများကစားရန် ရောက်ရှိနေသည့် ရတနာပုံအသင်းသည် ဧပြီ ၂၈ ရက် ဒေသစံတော်ချိန် ၄ နာရီက ထိုင်းပရီမီယာလိဂ်ကလပ် ဘီအီးစီ တယ်ရိုဆာဆနာအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

ရတနာပုံအသင်းသည် ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိရေး ကို အဓိကပစ်မှတ်ထားနေပြီး ယခု ထိုင်း ခြေစမ်းခရီးစဉ်ကိုလည်း အနိုင်/အရှုံး ရလဒ်ထက် ကစားသမားများ နိုင်ငံတကာ အတွေ့အကြုံကောင်းများ ရရှိရေးကိုသာ အဓိကထား ကစားခဲ့ခြင်းဖြစ်သည်။ ယခုတယ်ရိုဆာဆနာအသင်းနှင့် ခြေစမ်း ပွဲတွင်လည်း ရတနာပုံအသင်းသည် အသစ်ခေါ်ယူနိုင်မည့် အာဖရိက ကစား သမား ငါးဦး၏ ခြေစွမ်းကို စမ်းသပ်ခဲ့ပြီး ရန်ပိုင်၊ ပိုင်စိုး၊ ခင်မောင်ထွန်းတို့ဖြင့် ပွဲထွက်ကစားခဲ့သည်။ ရတနာပုံအသင်း သည် ရလဒ်ထက် ကစားသမားသစ်များ စမ်းသပ်ခြင်းနှင့် အတွေ့အကြုံရရှိရေးကို ဦးစားပေးခဲ့ရာ တယ်ရိုဆာဆနာအသင်း ကို ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယှဉ်ပြိုင်ကစားမည်

ရတနာပုံအသင်းသည် မေ ၁ ရက် တွင် ဖူးခက် F.C နှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ရတနာပုံနှင့် တယ်ရိုဆာဆနာတို့ ယှဉ်ပြိုင်နေစဉ်။

❐ ကျောဖုံးမှ

ကုမ္ပဏီတို့က အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း ရန်ပုံငွေမတည်ကာ သစ်တောစီမံကိန်းကို အကောင်အထည် ဖော်တော့မည်ဖြစ်သည်။

အဆိုပါစီမံကိန်းအရ သစ်တောသိပ္ပံပညာရှင်များက ဖန်လုံအိမ်စိုက်ပျိုးရေးနည်းပညာဖြင့် သစ်ပင်များကို စိုက်ပျိုးမည်ဖြစ်သည်။

ဆာဟာရသဲကန္တာရ၏ အရှေ့ဘက်တွင် ပင်လယ်နီ၊ အနောက်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာနှင့် မြောက်ဘက် တွင် မြေထဲပင်လယ်တို့ တည်ရှိပြီး သဲကန္တာရအတွင်း ရေချိုမရရှိနိုင်ပေ။

သိပ္ပံပညာရှင်များသည် ပင်လယ်ဆားငန်ရေကို ရေချိုအဖြစ်ပြောင်းလဲကာ သစ်ပင်များကို ရေထောက်ပံ့ပေးမည် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၄-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၈း၃၀	၃။	"ကားနှင့်ရထားလမ်းနှစ်သွယ် ယှဉ် တံတားဆင်ဖြူရှင်"
၈း၄၀	၄။	International News

ညပိုင်း

၄း၃၀	၁။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၅	၂။	မြန်မာစာ၊ မြန်မာစကား
၆း၁၅	၃။	မိုးလေဝသအခြေအနေ
၆း၂၀	၄။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၂၃)
၈း၀၀	၆။	ပြည်တွင်းသတင်း
	၇။	နိုင်ငံတကာသတင်းများ
	၈။	မိုးလေဝသအခြေအနေ
	၉။	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး " (အပိုင်း-၁)
	၁၁။	အိန္ဒိယရုပ်ရှင် "အထီးကျန်ဝိညာဉ်" (အပိုင်း-၂)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၆) အနိုင်/အရှုံးရလဒ်များ

၂၉ - ၄ - ၂၀၁၂

ချယ်လ်ဆီး	၆ - ၁	ကျူပီအာ
စပါး	၂ - ၀	ဘလက်ဘန်း

မြန်မာ့ဒီမိုကရေစီအတွက် ခြိမ်းခြောက်မှု (၃)ရပ်

ဒီမိုကရေစီ ဖတ်စာအသစ်

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီကနေ့ဒီအချိန်မှာ ခေတ်သစ်၊ စနစ်သစ်ကို ကူးပြောင်းနေပြီဖြစ်တဲ့အတွက် ကျေနပ်အားရဖွယ်ရာ နိုင်ငံရေးအခင်းအကျင်းတွေ၊ အပြန်အလှန် ထိန်းကျောင်းမှုမြင်ကွင်းတွေ၊ လွတ်လပ်ပွင့်လင်းလာတဲ့ သတင်းတွေ မြင်တွေ့ကြားသိနေရပြီဖြစ်တဲ့အတွက် အမိမြေရဲ့ အဝေးတစ်နေရာမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့လို အဝေးရောက်နိုင်ငံသားတွေအတွက် ဝမ်းမြောက်ဖွယ်ရာကောင်းသလို ဂုဏ်ယူဖွယ်ရာလည်း သိပ်ကောင်းနေပါပြီ။

အရင်က ကျွန်တော်တို့နိုင်ငံကို ဘားမားလို့ တွင်တွင်ပြောခဲ့ကြသူတွေဟာလည်း အခုဆိုရင် မြန်မာဆိုပြီး မပီကလာ ပီကလာနဲ့ ပြောနေကြတာကိုလည်း ကျေနပ်ဖွယ်ရာ တွေ့ရှိနေရပါတယ်။ အရင်ကဆိုရင် မြန်မာနိုင်ငံသားဆိုတာနဲ့ ကျွန်တော်တို့နိုင်ငံအပေါ် အဆိုးမြင်ဝေဖန်ချက်တွေ တသီတတန်းကြီး ကြားသိခဲ့ရပေမယ့် အခုအချိန်မှာ နိုင်ငံတော်သမ္မတကြီးအကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌတွေအကြောင်း စိတ်ဝင်တစားနဲ့ မေးမြန်းလာခဲ့ကြပြီ ဖြစ်ပါတယ်။ အထူးသတိထားဖို့၊ မှတ်သားဖို့ကောင်းတာက ကျွန်တော်ရဲ့ပါမောက္ခ ဥပဒေပညာရှင်တစ်ယောက်ရဲ့ စကားပါပဲ။

"မစ္စတာချမ်း၊ မင်းတို့နိုင်ငံ ဒီမိုကရေစီကူးပြောင်းသွားတာ သိပ်ကောင်းတယ်။ မြန်မာ့ငွေဦးဆိုပေမယ့် မင်းတို့ငွေဦးက သွေးထွက်သံယိုမရှိ၊ တော်လှန်ရေးမရှိ သိပ်လှတဲ့ငွေဦးပဲ။ မင်းတို့နိုင်ငံဟာ ဒီမိုကရက်တိုင်ဇေးရှင်းရဲ့ ဖတ်စာအသစ်ဖြစ်လာတော့မယ်လို့ ကျိန်းသေပြောရဲတယ်။"

ဒီစကားပြောတဲ့ ပညာရှင်ဟာ အမေရိကန်နိုင်ငံရေး အသိုင်းအဝိုင်းမှာ အင်မတန်ဩဇာကြီးပါတယ်။ ရီပတ်ဘလီကင်ရော ဒီမိုကရက်တွေကပါ အလေးထားပြီး တိုင်ပင်ရတဲ့ ဒီမိုကရေစီခေါင်းကိုင်ဆရာကြီးလည်း ဖြစ်ပါတယ်။ သူလိုလူမျိုးက ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရက်တိုင်ဇေးရှင်းကို အလေးအနက်ထားပြီး ပြောလာပြီဆိုရင်တော့ အလကားမဟုတ်တော့ပါဘူး။ ဒီမိုကရက်တိုင်ဇေးရှင်း အိုင်ဒီယာအသစ်တွေ မကြာခင်မှာ ထွက်ပေါ်လာတော့မယ်ဆိုတဲ့သဘောကို ကျွန်တော် ရိပ်စားမိပါတယ်။ မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီပရိုမိုးရှင်းလုပ်ငန်းစဉ်အတွက် ဖတ်စာအသစ်၊ သင်ခန်းစာအသစ် ဖြစ်လာနေပြီဖြစ်ပါတယ်။

အကြီးမားဆုံးအန္တရာယ်

ပြီးတော့ သတင်းမီဒီယာတွေထဲမှာဖတ်ရှုရတဲ့ သတင်းတွေအကြောင်း ကျွန်တော်တို့စကားဝိုင်း ဆက်ဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်ကိုယ်တိုင် ဥပဒေသမားတစ်ယောက်ဖြစ်တဲ့အပြင် နိုင်ငံတကာအခြေခံဥပဒေတွေကို အထူးပြု သုတေသနပြုလုပ်ပြီး ပါရဂူဘွဲ့ရရှိခဲ့တာဖြစ်တဲ့အတွက် ကျွန်တော့်ပါမောက္ခက ကျွန်တော်နဲ့လာပြီး ဆွေးနွေးတာလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဏာကြီး(၃)ရပ် အညီအမျှခွဲဝေမှု၊ အပြန်အလှန်ထိန်းကျောင်းမှု စနစ်သစ်ကို ယခုမှပြန်ပြီး အသက်သွင်းနေရတာ ဖြစ်ပါတယ်။ ခွဲဝေတာနဲ့ ထိန်းကျောင်းတာမတူပါဘူး။ ရှင်းရှင်းလင်းလင်းနားလည်ဖို့ လိုပါတယ်။ နောက်အရေးကြီးတာတစ်ခုက ဒီမိုကရေစီဖော်ဆောင်ရာမှာ ပုံတူကူးချလို့ မရပါဘူး။

ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက သိပ်ကိုကံကောင်းပါတယ်။ ကမ္ဘာပေါ်မှာ ပုံစံအမျိုးမျိုးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကို လုပ်သွားကြတာတွေရှိပါတယ်။ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ သင့်လျော်တာတွေရှိသလို လုံးလုံးမအပ်စပ်တာတွေလည်း ရှိပါတယ်။ ကိုယ့်နိုင်ငံအနေအထားနဲ့ အသင့်လျော်ဆုံးဖြစ်နိုင်မယ့် မူဘောင်တွေကို ခွဲခြမ်းစိတ်ဖြာပြီး မြန်မာ့ပုံစံ၊ မြန်မာ့ဟန်နဲ့ ကျင့်သုံးနိုင်ဖို့ လိုပါတယ်။ ကျွန်တော် လေ့လာခဲ့ရသမျှ ဒီမိုကရေစီကူးပြောင်းရေး ဖြတ်သန်းမှုအဆင့်ဆင့်မှာ ဖြေလျှော့ခြင်းအဆင့်နဲ့ အခိုင်အမာတည်ဆောက်ခြင်းအဆင့်တွေမှာ အစိုးရအဖွဲ့တွေ ခိုင်မာအားကောင်းနေမှသာ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မယ်ဆိုတဲ့အချက်ဟာ အသက်သွေးကြောဖြစ်ပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အဲဒီလို ခိုင်မာအားကောင်းတဲ့ အစိုးရဖြစ်ပေါ်လာရေးအတွက် အခြေခံဥပဒေတွေမှာ အုပ်ချုပ်မှုအာဏာကို အလေးပေးရေးဆွဲကြရတာ ဖြစ်ပါတယ်။

အခြေခံဥပဒေတွေမှာ အာဏာခွဲဝေမှု အညီအမျှ ပေးထားပေမယ့် လက်တွေ့ကျင့်သုံးကြတဲ့အခါ မဏ္ဍိုင်ကြီးတစ်ရပ်ရပ်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို စိန်ခေါ်လာနိုင်တဲ့အနေအထားတွေ ဖြစ်လာတတ်ပါတယ်။ ဒါဟာလည်း ဒီမိုကရေစီကူးပြောင်းရေးမှန်သမျှမှာ မလွဲမသွေ ကြုံတွေ့ရတတ်တဲ့ အလေ့အထတစ်ရပ်လို့လည်း ဆိုနိုင်ပါတယ်။ နောက်တစ်ချက်က အခြေခံဥပဒေကို အကောက်အယူလွဲမှားပြီး အယူအဆအလွဲကို လက်တွေ့ကျင့်သုံးခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကူးပြောင်းစနိုင်ငံတွေမှာ အထိုင်မကျခင်ဖြစ်ပေါ်တတ်တဲ့ ခြေလှမ်းအမှားမျိုးတွေလည်း ဖြစ်ပါတယ်။

ကျွန်တော်ရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုဟာ ဒီကနေ့လို အနေအထားမျိုးရောက်ရှိလာအောင် နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရတာဖြစ်ပါတယ်။ စနစ်တကျရှိတဲ့ အပြန်အလှန်ထိန်းကျောင်းမှုစနစ်ကို ဖြစ်ပေါ်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေများအပေါ်မှာ အခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ တစ်ခါတလေမှာလည်း ပြင်ဆင်တာတွေလွဲမှားသွားလို့ ပြန်ပြီးဖြုတ်ပစ်ရတာတွေရှိပါတယ်။ ပြီးတော့ တစ်ချိန်က ဖယ်ထုတ်ထားခဲ့တဲ့ ပြဋ္ဌာန်းချက်တွေကို နောင်တစ်ချိန်မှာ ပြန်ပြီးကောက်ယူရတာတွေလည်းရှိပါတယ်။ ဒါဟာ ဥပဒေတွေရဲ့ရှင်သန်မှုသဘောသဘာဝလည်းဖြစ်ပါတယ်။ ဘယ်ဥပဒေမှ ပြီးပြည့်စုံပြီး အလုံးစုံကောင်းမွန်တယ်ဆိုတာမရှိပါဘူး။ အဓိကအချက်က ဒီဥပဒေတွေကို ဘယ်လိုနားလည်သလဲ၊ ဘယ်လိုခံယူသလဲ၊ ဘယ်လိုကျင့်သုံးသလဲဆိုတာပဲ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဥပဒေတွေ၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျေကျေညက်ညက် ရှင်းရှင်းလင်းလင်းနားလည်ဖို့ လိုပါတယ်။ သာမန်အားဖြင့် သာမန်လူတွေမဆိုထားနဲ့ ကျွန်တော်တို့လို ဥပဒေပညာရှင်တွေ၊ ဥပဒေပြုအမတ်တွေတောင်မှ အခြေခံဥပဒေကို သိလှပါပြီ၊ သဘောပေါက်လှပါပြီလို့ ထင်မှတ်ထားကြပေမယ့် လက်တွေ့တကယ်တမ်းအသုံးချရတဲ့အချိန်ရောက်မှ ပိုပြီးနားလည်လာကြတာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အခြေခံဥပဒေကိုကိုင်ပြီး ငြင်းကြ၊ ခုံကြတဲ့အချိန်မှာ ပိုပြီး နားလည်သဘောပေါက်လာတာဖြစ်ပါတယ်။

ဖြစ်လေ့ဖြစ်ထရှိတဲ့ ဒီလိုအကောက်အယူလွဲမှားမှုတွေဟာ တစ်ခါတစ်ရံမှာ ဒီမိုကရေစီကူးပြောင်းဖော်ဆောင်ရေး လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို ကြီးကြီးမားမားထိခိုက်မှုရှိစေတာကိုလည်း လေ့လာချက်အရ သိရှိရပါတယ်။ တကယ်တမ်းမှာလည်း အကောက်အယူလွဲမှားမှုကိုအခြေပြုပြီး လုပ်ဆောင်ချက်လွဲမှားမှုတွေ ဆက်တိုက်ပါလာတတ်လို့ပဲဖြစ်ပါတယ်။ ဒီမိုကရေစီသစ်ပင်မကြီးထွားနိုင်ခင်မှာ အညွန့်ကျိုးကျတတ်တဲ့ ကမ္ဘာအနှံ့က ဖြစ်စဉ်တွေကို ပြန်ပြီးလေ့လာကြည့်တဲ့အခါမှာ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကြီးတစ်ခုလုံး ယိမ်းယိုင်သွားစေနိုင်ခဲ့တဲ့ လုပ်ဆောင်ချက်အမှားကြီးတွေဟာ သိသာထင်ရှားမှုမရှိတဲ့ ဒီလိုမျိုး အကောက်အယူလွဲမှားမှုတွေကစပြီး ဖြစ်လာတယ်ဆိုတာကို အတိအကျတွေ့ရှိရပါတယ်။ ဒီမိုကရေစီအထိုင်မကျခင် ပြုလဲတတ်တဲ့အခြေအနေမှာ ဒီအကောက်အယူလွဲမှားမှုဟာ အကြီးမားဆုံးအန္တရာယ်ဖြစ်ပါတယ်။

အဲဒီထက်ပိုပြီးဆိုးတာက ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံတွေမှာ မလွဲမသွေကြုံတွေ့ရတဲ့ ဒီမိုကရေစီတင်သွင်းမှုတွေပဲဖြစ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေဟာ အထက်မှာတင်ပြခဲ့တဲ့ အကောက်အယူလွဲမှားမှုတွေလုပ်ဆောင်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခြင်းမရှိတဲ့ နိုင်ငံတကာကကျင့်စဉ်တွေကို ပြည်တွင်းကို တင်သွင်းလာပြီး ပရိုမိုးရှင်းလုပ်တတ်ကြပါတယ်။ အများအမြင်မှာ ဒီမိုကရေစီသဘောတရားတွေ လက်ချာပေးနိုင်သူအဖြစ် ရောက်ရှိလိုတဲ့ သူတွေရှိသလို တချို့ကလည်း ဒီမိုကရေစီစစ်မှန်စေလိုတဲ့ စိတ်ဆန္ဒနဲ့ ပြည်ပဒီမိုကရေစီကျင့်စဉ်တွေကို ပြည်တွင်းကို တင်သွင်းလာကြတာတွေလည်းရှိပါတယ်။ ဒီလိုမျိုး ပြည်ပကျင့်စဉ်တွေ ပြည်တွင်းကို တင်သွင်းလာတဲ့ဖြစ်စဉ်တွေဟာ ဒီမိုကရေစီကူးပြောင်းစ နိုင်ငံတွေရဲ့ (၇၀)ရာခိုင်နှုန်းကျော်ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုနုနယ်သေးတဲ့ နိုင်ငံတွေအတွက် ကြီးမားတဲ့အန္တရာယ်ကြီးတစ်ရပ် ဖြစ်ပါတယ်။

ဒီမိုကရေစီကူးပြောင်းရေးအတွက် ခြိမ်းခြောက်မှု (၃)ရပ်

သမိုင်းကြောင်းတစ်လျှောက် ကမ္ဘာအနှံ့မှာ ဒီမိုကရက်တိုင်ဇေးရှင်းဖြစ်စဉ်တွေ လှိုင်း(၃)လှိုင်းနဲ့ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ်နောက်ပိုင်း နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ ဒီမိုကရေစီကူးပြောင်းမှု (၁၁၅)ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအပြောင်းအလဲစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းလောက်ပဲ ခိုင်မာပြီး ရေရှည်တည်တံ့ရှင်သန်တဲ့ ဒီမိုကရေစီအဆင့်ကို ကူးပြောင်းသွားနိုင်ခဲ့ကြပါတယ်။ နောက်တစ်ခုကတော့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဖြစ်ပွားခဲ့သလိုမျိုး ဒီမိုကရေစီကူးပြောင်းလိုက်၊ အာဏာသိမ်းပွဲတွေ ဖြစ်ပေါ်လာလိုက်နဲ့ တော်လှန်ရေးသံသရာလည်သွားတာဖြစ်ပြီး နိုင်ငံပေါင်း (၃၂)နိုင်ငံမှာ ဒီလိုမျိုးအပြောင်းအလဲ (၄၄)ခုအထိ ရှိခဲ့ပါတယ်။ နောက်တစ်ခုကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းပြီးမှ ပြည်တွင်းစစ်၊ ပဋိပက္ခသံသရာ လည်သွားတာဖြစ်ပြီး နိုင်ငံပေါင်း (၄၀)အထိ ရှိခဲ့ပါတယ်။ နောက်တစ်မျိုးကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းပြီးမှ နောက်ပြန်ဆုတ်ကာ အာဏာရှင်စနစ်အသက်ဝင်တဲ့ သံသရာလည်သွားတာဖြစ်ပါတယ်။ ဒီမိုကရေစီနောက်ပြန်လှိုင်းလို့လည်း ခေါ်တွင်ကြပြီးတော့ နိုင်ငံပေါင်း (၄၄)ခုအထိရှိခဲ့တာ တွေ့ရှိရပါတယ်။ ပြည်တွင်းစစ် သံသရာလည်သွားချိန်မှာ နောက်ပြန်လှိုင်းက ဆက်တိုက်လိုက်ပါလာတာ ဖြစ်ပါတယ်။

ဒီမိုကရက်တိုင်ဇေးရှင်းဆိုင်ရာ သမိုင်းကြောင်းသင်ခန်းစာတွေ၊ သီအိုရီတွေ အမျိုးမျိုးရှိပေမယ့်လည်း ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ အနေအထားနဲ့ ကိုက်ညီပြီး ဥပဒေရှုထောင့်လည်းပါဝင်တဲ့ ရှုမြင်သုံးသပ်ချက်တစ်ရပ် တင်ပြလိုပါတယ်။ **ဒီမိုကရေစီသက်တမ်းနုနယ်စ အချိန်အခါမှာ အများအားဖြင့် ကြုံတွေ့ရလေ့ရှိပြီး အဆိုးကျော့သံသရာ လည်သွားစေနိုင်တဲ့အန္တရာယ်ကြီး (၃)ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခြိမ်းခြောက်မှု (၃)ရပ် ရှိပါတယ်။ (အခြားသော ပညာရှင်တွေအနေနဲ့ အခြားရှုထောင့်တွေက ဖွင့်ဆိုကြပေမယ့်လည်း ကျွန်တော်ကတော့ ဥပဒေနဲ့ဆက်နွှယ်ပြီး ဖွင့်ဆိုထားတာဖြစ်ပါတယ်)**

အဲဒီခြိမ်းခြောက်မှုတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) အသွင်ကူးပြောင်းရေးကာလတွင် တိကျခိုင်မာသော ဥပဒေမူဘောင်သတ်မှတ်နိုင်မှု မရှိခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ် အနှစ်သာရများအပေါ် အကောက်အယူလွဲမှားခြင်း၊

(ဂ) ပြည်ပမှ ဒီမိုကရေစီကျင့်စဉ်များကို ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေနှင့်မညီညွတ်သော အလေ့အထများဖြစ်ပေါ်လာခြင်း။

မြန်မာ့ဒီမိုကရေစီနှင့် ခြိမ်းခြောက်မှုများ

ဒီကနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းစ ထိခိုက်လွယ်၊ ပြိုကွဲလွယ်တဲ့ အခြေအနေသစ်ကို ရောက်ရှိနေတာ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းစဆိုတဲ့အတိုင်းပဲ စနစ်အသစ်နဲ့ စနစ်အဟောင်း ရောထွေးနေတာတွေရှိနေတဲ့အတွက် တိကျခိုင်မာတဲ့ မူဘောင်ကြီးတစ်ခု ရှိရမှာဖြစ်ပါတယ်။ တချို့သောနိုင်ငံတွေမှာ ဒီမိုကရေစီကို တော်လှန်အုံကြွမှု၊ ဆန္ဒပြမှု၊ အစိုးရဖြုတ်ချမှု စတဲ့ ပုံစံအမျိုးမျိုးနဲ့ ကူးပြောင်းလာခဲ့ပြီးမှ ဒီမိုကရေစီဖော်ဆောင်နိုင်ခြင်းမရှိဘဲ အဆိုးသံသရာလည်သွားခဲ့တာဟာ အဲဒီလို တိကျခိုင်မာတဲ့ မူဘောင်တစ်ရပ်မရှိလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြီးမားလှတဲ့အန္တရာယ်ဖြစ်ပေမယ့်လည်း ကျွန်တော်တို့ နိုင်ငံကတော့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံး တိတိကျကျ ခိုင်ခိုင်မာမာ ထည့်သွင်းထားတဲ့ မူဘောင်ကြီးရှိနေခဲ့ပါတယ်။ ဒီမူဘောင်ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်ပြီးတော့ လက်ရှိအချိန်မှာ စနစ်တကျ အသွင်ကူးပြောင်းသွားနိုင်တာဟာ ဒီအခြေခံဥပဒေ ခိုင်ခိုင်မာမာရှိနေလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ လုပ်ဆောင်ချက်တွေ၊ ပြောကြားချက်တွေ၊ မျှော်မှန်းချက်တွေကို အသေးစိတ်လေ့လာကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံတွေမှာ တွေ့ကြုံရလေ့ရှိတဲ့ **ပထမခြိမ်းခြောက်မှု**ကို ကျွန်တော်တို့နိုင်ငံ ကျော်လွှားနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဒုတိယခြိမ်းခြောက်မှု ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ် အနှစ်သာရများအပေါ် အကောက်အယူလွဲမှားခြင်းတွေ ရှိနေသလားဆိုတာကို ကျွန်တော်တို့ သတိပြုဖို့လိုပါတယ်။ ဒါဟာ ရုတ်တရက်ကြည့်လိုက်ရင် သိသာမြင်သာနိုင်ဖို့ ခက်ခဲနေပေမယ့်လည်း သိသာထင်ရှားတဲ့အဆင့်ရောက်တဲ့အချိန်မှာ ကြီးမားတဲ့ပဋိပက္ခတွေ ဖန်တီးနေတဲ့ အဆင့်မျိုးကို ရောက်ရှိနေတတ်တာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရှိနေပြီလား။ သတိထားပြီး လေ့လာကြည့်မိတော့ ကျွန်တော် ခေါင်းနပန်းကြီးသွားပါတယ်။ အကောက်အယူလွဲမှားခြင်းဟာ အထူးသတိပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။ အခုမှ ဒီမိုကရေစီစလုံးရေစဖြစ်တဲ့အတွက် ဟုတ်နိုးနိုးကနေ အမှန်တရားသဖွယ် ရောက်ရှိသွားတတ်ပါတယ်။ ဒီလို အမှန်တရားသဖွယ် လွဲမှားတဲ့ အကောက်အယူတွေကြောင့် လွဲမှားတဲ့ လုပ်ဆောင်ချက်တွေ ဆက်တိုက်ဆိုသလို တွဲပြီးပါလာတတ်ပါတယ်။

သိသာထင်ရှားအောင် ဥပမာတစ်ခု ပြလိုပါတယ်။ နေပြည်တော်မှာ ကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံဖြေကြားချက်တွေမှာ မကြာခဏတွေ့ရှိနေရတဲ့ ကိစ္စရပ်တစ်ခုရှိပါတယ်။ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်၌ အမြင့်ဆုံးဖြစ်သော ဥပဒေပြုအာဏာကို ကျင့်သုံးဆောင်ရွက်နေသော ပြည်ထောင်စုလွှတ်တော်" ဆိုတဲ့ စကားရပ်ပဲဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်မှာ "နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို--" ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အမြင့်ဆုံးဖြစ်သော ဥပဒေပြုရေးအာဏာဆိုတာမျိုး သုံးနှုန်းဖော်ပြ ပြဋ္ဌာန်းထားခြင်း မရှိတာကို သတိပြုကြဖို့လိုပါတယ်။

ဒီနေရာမှာ "အမြင့်ဆုံး" ဆိုတဲ့ စကားရပ် ဘယ်ကလာသလဲဆိုတာ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပြည်သူ့လွှတ်တော်အခန်း၊ ပုဒ်မ ၄၁ ပြဋ္ဌာန်းချက်မှာ **"ပြည်သူ့လွှတ်တော်သည် နိုင်ငံသားများ၏ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်"** ဆိုပြီး ဖော်ပြထားတာကို တွေ့ရှိနိုင်ပါတယ်။ ဒီနေရာမှာ သတိပြုကြဖို့က ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီစနစ်၊ ဆိုရှယ်လစ်စနစ်၊ လွှတ်တော်တစ်ရပ်တည်းရှိတဲ့ စနစ်ဖြစ်နေတဲ့အချက် ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာဟာ ပါတီ၊ လွှတ်တော်၊ အစိုးရစတဲ့ အဆင့်ဆင့်အဖွဲ့အစည်းတွေလက်ထဲမှာ ရှိတာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံရဲ့ အစောဆုံး ဒီမိုကရေစီကျင့်သုံးခဲ့တဲ့ ပါလီမန်အစိုးရခေတ်ဟာလည်း လက်ရှိစနစ်နဲ့ မတူပါဘူး။ ပါလီမန်ခေတ်မှာ ဝန်ကြီးချုပ်ဟာ ပါလီမန်ထဲမှာ ရှိနေတာ

မောင်အေးချမ်း(

ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ၊
အခန်း(၇)၊ ပြည်ထောင်စုအစိုးရ၊ ပုဒ်မ ၁၀
တစ်ဦးသည် ခြောက်လမျှ တစ်ဆက်တ
ထိုကာလအပိုင်းအခြား ကုန်ဆုံးသော
အဖြစ်မှ ရပ်စဲရမည်" ဆိုပြီး ပြဋ္ဌာန်း
အမြင့်ဆုံးဆိုတဲ့စကားရပ်က အဲဒီ
နိုင်ငံမှာ တွင်တွင်ကျယ်ကျယ် သုံးနှုန်းလာ
အယူဟာ လွဲမှားနေတဲ့ အကောက်အ
ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရအ
ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။
သူဟာ နိုင်ငံတော်သမ္မတဖြစ်ပါတယ်။
ခေတ်တွေကလို ဝန်ကြီးချုပ်မဟုတ်တော့
တယ်။ အခု ဖွဲ့စည်းပုံဟာ သမ္မတအုပ်ချ
သာကေတစ်ခုအနေနဲ့ ထုတ်နုတ်တင်ပြ
ကြီးကြီးထားပြီး မြင်တတ်ဖို့၊ အထူးသ
အနှစ်သာရတွေကို ဒီလိုမျိုး အကောက်
မပစ်ဖို့ အရေးကြီးနေပါပြီ။
အလျဉ်းသင့်လို့ လက်ရှိ မြန်မာနိုင်ငံ
က အမြင့်ဆုံးမှာရှိသလဲဆိုတာလေးကို ပြန်
ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၅၇ မှာ
သမ္မတများသည် နိုင်ငံတော်ကို ကိုယ်စာ
ပုဒ်မ ၅၈ မှာ နိုင်ငံတော်သမ္မတသည
နိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအ
ရရှိသည်" ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကိုက
တတိယခြိမ်းခြောက်မှု ဖြစ်တဲ့ ပြ
ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေ
များ ဖြစ်ပေါ်လာခြင်းဆိုတဲ့အချက်ရော
သလား လေ့လာကြည့်ဖို့ လိုပါတယ်။ တွေ
လှတဲ့ Importing Democracy ဖြစ်
နေပြည်တော်၊လွှတ်တော်အစည်းအဝေး
ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အ
အစိုးရ တရားစီရင်ရေးအဖွဲ့."ဆိုပြီး
ပြောကြားနေကြတာကို တွေ့ရှိရပါတယ်၊
အပိုင်းတစ်ရပ်စီလို့ ဆိုလိုချင်တဲ့သဘော
ဒါပေမယ့် ဒီလိုပြောနေ၊ ခံယူကျင့်သုံးနေ
ဥပဒေဆိုတဲ့ ပေးထားချက်ကို သေ
စဉ်းစားသင့်ပြီဖြစ်ပါတယ်။
ဒါဘယ်ကရောက်လာသလဲဆိုတာ
ရှိနေတဲ့ကျွန်တော်က ပိုပြီးနားလည်သ
ဆရာကြီးတွေ၊ ဆရာကြီးဖြစ်ချင်တဲ့သူ
ဗားရှင်းတစ်မျိုးဖြစ်ပါတယ်။ (အခု အဲဒီ ဒ
တော့ပါဘူး။ ဒါပေမယ့် သူ့ရဲ့လက်ချ
တယ်။) ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအ
သွေဖည်မှားယွင်းနေတာလည်း ဖြစ်ပါတ
ခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပ
ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်း
အဖွဲ့မှာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မ
နှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ပ
ကို သေချာလေ့လာကြည့်ကြမယ်ဆိုရင်၊
သာရကို နားလည်ပြီး ခံယူလိုက်နာကြ
ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရအု
အစိုးရတရားစီရင်ရေးအဖွဲ့ဆိုပြီး
နောက်တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပ
ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေ
ဒီမိုကရက်တိုင်ဇေးရှင်းအတွက် အန္တရာယ
လိုပါတယ်။

နိဂုံး

ကျွန်တော့်အနေနဲ့ လက်ရှိမြန်မ
ကူးပြောင်းရေးဖြစ်စဉ်အသစ်ကြောင့် ကမ္ဘာ
အသစ် ဖြစ်လာတော့မယ့်အခြေအနေအ
မိပါတယ်။ တစ်ဖက်ကလည်း နုနယ်စဒီ
တွေကို သတိပြုကြဖို့၊ ဒီခြိမ်းခြောက်မှုတွေ
အဆင့်အထိရောက်ရှိမလာနိုင်အောင်
သုံးသပ်ကြဖို့ သတိပေးလိုခြင်းသက်သက်
ကို မြန်မာ့ဒီမိုကရေစီအဖြစ် သမိုင်းတွ
သမိုင်းနိဂုံးချုပ်/မချုပ် အငြင်းပွားမှုတေ
ဒီမိုကရက်တိုင်ဇေးရှင်း မော်ဒယ်လ်အသ
အသစ်မှာ ဆက်လက်လျှောက်လှမ်းနိုင်
တင်ပြလိုက်ရပါတယ်။ ။

မောင်အေးချမ်း(ဟားဗတ်)

ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ အခန်း(၇)၊ ပြည်ထောင်စုအစိုးရ၊ ပုဒ်မ ၁၀၆ မှာ **"အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးသည် ခြောက်လမျှ တစ်ဆက်တည်း ပါလီမန်အမတ်မဟုတ်လျှင် ထိုကာလအပိုင်းအခြား ကုန်ဆုံးသောအခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည်"** ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။

အမြင့်ဆုံးဆိုတဲ့စကားရပ်က အဲဒီကနေ ကောက်ယူပြီး အခုမြန်မာနိုင်ငံမှာ တွင်တွင်ကျယ်ကျယ် သုံးနှုန်းလာကြတာ တွေ့ရပါတယ်။ ဒီအကောက်အယူဟာ လွဲမှားနေတဲ့ အကောက်အယူဖြစ်နေပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရအရရော၊ ပြဋ္ဌာန်းချက်များအရပါ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ အုပ်ချုပ်မှုအာဏာကို ရယူထားသူဟာ နိုင်ငံတော်သမ္မတဖြစ်ပါတယ်။ ပါလီမန်ခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကလို ဝန်ကြီးချုပ်မဟုတ်တော့တာကို အထူးသတိပြုကြဖို့ လိုပါတယ်။ အခု ဖွဲ့စည်းပုံဟာ သမ္မတအုပ်ချုပ်ရေးစနစ် ဖြစ်ပါတယ်။ ဒါဟာ သာဓကတစ်ခုအနေနဲ့ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါတယ်။ ဒါတွေကို သတိကြီးကြီးထားပြီး မြင်တတ်ဖို့၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရတွေကို ဒီလိုမျိုး အကောက်အယူလွဲမှားမှုတွေနဲ့ ပြောင်းလဲမပစ်ဖို့ အရေးကြီးနေပါပြီ။

အလျဉ်းသင့်လို့ လက်ရှိမြန်မာနိုင်ငံမှာ ဘယ်လိုမျိုး အင်စတီကျူးရှင်းက အမြင့်ဆုံးမှာရှိသလဲဆိုတာလေးကို ပြန်ပြောင်းအတည်ပြုပေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၅၇ မှာ "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်" ဆိုတဲ့ ပြဋ္ဌာန်းချက်၊ ပုဒ်မ ၅၈ မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်" ဆိုတဲ့ ပြဋ္ဌာန်းချက်တွေကိုကြည့်ရင် ရှင်းသွားပါလိမ့်မယ်။

တတိယခြိမ်းခြောက်မှု ဖြစ်တဲ့ ပြည်ပမှ ဒီမိုကရေစီကျင့်စဉ်များကို ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေနှင့် မညီညွတ်သော အလေ့အထများ ဖြစ်ပေါ်လာခြင်းဆိုတဲ့အချက်ရော လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်နေသလား လေ့လာကြည့်ဖို့ လိုပါတယ်။ တွေ့နေရပါတယ်။ အန္တရာယ်ကြီးမားလှတဲ့ Importing Democracy ဖြစ်နေပါတယ်။ အတိအကျဆိုရရင် နေပြည်တော်၊လွှတ်တော်အစည်းအဝေးတွေမှာ **"ပြည်ထောင်စုအစိုးရ ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုအစိုးရ တရားစီရင်ရေးအဖွဲ့."**ဆိုပြီး တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောကြားနေကြတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ အစိတ်အပိုင်းတစ်ရပ်စီလို့ ဆိုလိုချင်တဲ့သဘောဖြစ်ကြောင်း နားလည်ပါတယ်။ ဒါပေမယ့် ဒီလိုပြောနေ၊ ခံယူကျင့်သုံးနေသူတွေအနေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတဲ့ ပေးထားချက်ကို သေသေချာချာအချိန်ယူပြီး လေ့လာစဉ်းစားသင့်ပြီဖြစ်ပါတယ်။

ဒါဘယ်ကရောက်လာသလဲဆိုတာ အမေရိကန်ပြည်ထောင်စုမှာ ရှိနေတဲ့ကျွန်တော်က ပိုပြီးနားလည်သဘောပေါက်ပါတယ်။ ဒီမိုကရေစီဆရာကြီးတွေ၊ ဆရာကြီးဖြစ်ချင်တဲ့သူတွေရဲ့ ပြည်ပကတင်သွင်းလာတဲ့ ဗားရှင်းတစ်မျိုးဖြစ်ပါတယ်။ (အခု အဲဒီ ဒီမိုကရေစီဆရာကြီးတချို့ မရှိကြတော့ပါဘူး။ ဒါပေမယ့် သူ့ရဲ့လက်ချာအမှားတွေ ကျန်နေတာဖြစ်ပါတယ်။) ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အတိအကျကြီးကို သွေဖည်မှားယွင်းနေတာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ မှာ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေချာလေ့လာကြည့်ကြမယ်ဆိုရင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကို နားလည်ပြီး ခံယူလိုက်နာကြမယ်ဆိုရင် ပြည်ထောင်စုအစိုးရ ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရအုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုအစိုးရတရားစီရင်ရေးအဖွဲ့ဆိုပြီး သုံးနှုန်းကြမှာ မဟုတ်ပါဘူး။ နောက်တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခြင်းမရှိတာတွေကို ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေမှာ သွတ်သွင်းခြင်းဟာ နုနယ်စဒီမိုကရက်တိုင်ဇေးရှင်းအတွက် အန္တရာယ်ကြီးတယ်ဆိုတာကို သတိပြုကြဖို့ လိုပါတယ်။

နိဂုံး

ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အသစ်ကြောင့် ကမ္ဘာ့သမိုင်းမှာ စံနမူနာပြု မော်ဒယ်လ်အသစ် ဖြစ်လာတော့မယ့်အခြေအနေအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တစ်ဖက်ကလည်း နုနယ်စဒီမိုကရေစီအတွက် ခြိမ်းခြောက်မှုတွေကို သတိပြုကြဖို့၊ ဒီခြိမ်းခြောက်မှုတွေကနေ ဘေးအန္တရာယ်ကြီးတွေ အဆင့်အထိရောက်ရှိမလာနိုင်အောင် ဉာဏ်အမြော်အမြင်နဲ့ ဆင်ခြင်သုံးသပ်ကြဖို့ သတိပေးလိုခြင်းသက်သက်ဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီကို မြန်မာ့ဒီမိုကရေစီအဖြစ် သမိုင်းတွင်ရစ်တာကိုပဲ မြင်ချင်ပါတယ်။ သမိုင်းနိဂုံးချုပ်/မချုပ် အငြင်းပွားမှုတွေကြားထဲမှာ ထွက်ပေါ်လာတဲ့ ဒီမိုကရက်တိုင်ဇေးရှင်း မော်ဒယ်လ်အသစ်ဖြစ်တဲ့ မြန်မာ့လမ်းကြောင်းအသစ်မှာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်း မေတ္တာရပ်ခံတင်ပြလိုက်ရပါတယ်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ-အီးယူဆွေးနွေးဖက်နိုင်ငံ ညှိနှိုင်းရေးမှူး ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုဟာမက် ဘိုကီးယား၏ ဖိတ်ကြားချက်အရ ဧပြီ ၂၆ ရက်မှ ၂၇ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆီရီ ဘီဂါဝမ်မြို့၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများဘက်မှ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် မစ္စစ်ကက်သရင်းအက်ရှ်တန် ခေါင်းဆောင်သည့် အီးယူအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီး ၁၉ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနှင့် အီးယူ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံနှင့် အီးယူနိုင်ငံများတွင် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံ-အီးယူ၏ဆက်ဆံရေးနှင့် အနာဂတ်အလားအလာများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ ဘာသာရပ်ကို ဦးဆောင်ဆွေးနွေးခဲ့သည်။ အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးမှ ၂၀၁၃-၂၀၁၇ ခုနှစ်အတွက် အာဆီယံ-အီးယူဆက်ဆံရေးကို ပိုမိုခိုင်မာစေမည့် ဘန်ဒါဆီရီဘီဂါဝန် လုပ်ငန်းအစီအစဉ်ကို ချမှတ်ခဲ့သည်။

အစည်းအဝေးတွင် အီးယူနိုင်ငံများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများသည် အာဆီယံ-အီးယူ ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးကို ပိုမိုတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက အကြိမ်(၂၀)မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများကို ချက်ချင်းရုပ်သိမ်းပေးရေး တောင်းဆိုချက်ကိုထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။ အစည်းအဝေးအပြီးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲသဘာပတိ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို ကြိုဆိုကြောင်း၊ ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် ဒီမိုကရေစီထူထောင်မှုအတွက် အဓိကခြေလှမ်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ကန့်သတ်ချက်များကိုဆိုင်းငံ့ရန် အီးယူ၏အရေးယူဆောင်ရွက်မှုများကို အာဆီယံကကြိုဆိုပြီး အာဆီယံ-အီးယူ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေခြင်းနှင့် မြန်မာ-အီးယူဆက်ဆံရေးတွင် ကဏ္ဍသစ်ဖွင့်လှစ်ခြင်းကို ကြိုဆိုခဲ့ကြသည်။

ဘရူနိုင်းနိုင်ငံ၌ရှိနေစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘူဂေးရီးယား၊ ဒိန်းမတ်၊ စပိန်၊ နယ်သာလန်နှင့် အက်စ်တိုးနီးယားနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် လည်းကောင်း၊ လစ်သူရေးနီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိုင်ယာလန်နိုင်ငံမှ ဥရောပရေးရာ ဒုတိယဝန်ကြီးများနှင့် လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးအတွက် အကျိုးတူကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်(နယူးယောက်) ဦးသန်းဆွေ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် H.E. Mr. BAN Ki-moon နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရွှေတိဂုံဘုရားလမ်းရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ဂူဗိမာန်သို့ရောက်ရှိကြရာ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်၊ ခင်ပွန်း ဒေါက်တာတင်မြင့်ဦးနှင့် မိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် H.E. Mr. BAN Ki-moon သည် ဦးသန့်၏ ဂူဗိမာန်၌ ပန်းခြင်းချ၍ ဂါရဝပြုပြီး ငြိမ်းချမ်းရေးဖယောင်းတိုင်ကို ထွန်းညှိပေးသည်။

ထို့နောက် H.E. Mr. BAN Ki-moon နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး Mrs. BAN Soon-taek တို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။(သတင်းစဉ်)

Indonesian Women Fashion Show-2012 ကျင်းပ

ရန်ကုန် ဧပြီ ၂၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသော Indonesian Women Fashion Show-2012 အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ မိသားစုများ၊ တာဝန်ရှိသူများ၊ သံရုံးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Indonesian Women Association၊ Indonesian International School Yangon (IISY) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အင်ဒိုနီးရှားသံရုံးမှ ဝန်ထမ်းများက အင်ဒိုနီးရှားရိုးရာ ဝတ်စုံများ ဝတ်ဆင်ပြသကြပြီး ရိုးရာအက၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး၏ ဇနီးတို့က ရိုးရာဝတ်စုံ ဝတ်ဆင်ပြသသူများနှင့် ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Guido Westerwelle ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian-Ludwig Weber Lortsch နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။ (သတင်းစဉ်)

ဝတ်ဆင်ပြသ

အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသော "Indonesian Women Fashion Show-2012" အခမ်းအနားတွင် Indonesian Women Association၊ Indonesian International School Yangon(IISY) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အင်ဒိုနီးရှားသံရုံးမှ ဝန်ထမ်းများက အင်ဒိုနီးရှားရိုးရာဝတ်စုံများ ဝတ်ဆင်ပြသကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E.Mrs.Catherine Ashton ဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပါတီအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ပါတီဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး H. E. Mrs. Catherine Ashton နှင့်အတူ Advisor Mr. Robert Cooper, European External Action Service မှ Mr. David O' Sullivan, Head of Asia Department မှ Mr. Seamus Gilliespie နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်သူလူထုအကျိုးအတွက် ချမှတ်ထားသော ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒလမ်းစဉ်များနှင့်အညီ ပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများမှ ရရှိလာသော နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုများအား ပိုမိုရှင်သန်တိုးတက်ခိုင်မြဲစေရန် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံရေးစနစ် ရှင်သန်ခိုင်မာရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်လည်း ဆက်နွှယ်မှုရှိသည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးပိုမိုတိုးတက်မှု ရှိစေရန်အတွက် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံတွင် E.U ရုံးခွဲဖွင့်လှစ်မှု၊ E.U ၏ စီးပွားရေးပိတ်ဆို့မှုအား ဖြေလျှော့ပေးမှုအခြေအနေများနှင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အထက်ပိုင်းဒေသများ နေ့အပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့် သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်၊ မြင်းခြံမြို့၊ ဇောင်းတူမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ပလက်ဝမြို့နှင့် မြောက်ဦးမြို့တို့တွင် ၃ ဒသမ ၂၃ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၇၅ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၈၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနိုင်သည်။

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့ကထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မန္တလေး- မြစ်ကြီးနား အထူးအိပ်စင်ရထားတွဲ ရှစ်တွဲ လမ်းချော်ပြီး အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၉

ယနေ့နံနက် ၁ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့၏ အနောက်တောင်ဘက် ၁၈ မိုင်ခန့်အကွာ နန့်စီးအောင်ဘူတာနှင့် မော်ဟန်ဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ် (၆၁၆/၁)နှင့် (၆၁၆/၂) အကြားရှိ တံတားအမှတ် (၅၃၄)အနီး၌ ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် မန္တလေးမှ မြစ်ကြီးနားမြို့သို့ ထွက်ခွာလာသော အမှတ်(၃၃) အဆန် အထူးအိပ်စင် ရထားမှ တွဲရှစ်တွဲ လမ်းချော်ကျပြီး ပျက်စီးမှုအချို့ ရှိခဲ့ကြောင်း၊ ထို့အပြင် ရထားတွင် လိုက်ပါစီးနင်းလာသော ရှင်စန္ဒောဘာသ(၁၃)နှစ်မှာ ညာခြေထိခိုက်ဒဏ်ရာရရှိပြီး မျိုးမင်းထိုက်(၂၈)နှစ်မှာ ညာခြေကျိုးဒဏ်ရာများ ရရှိခဲ့ကြကြောင်း သိရှိရသည်။

လမ်းချော်ကျပြီး ချွတ်ယွင်းသွားသော ရထားတွဲများအား ပြင်ဆင်ရန် မြန်မာ့မီးရထားမှ ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် ရထားတွဲပြင်ဆင်ရေး အဖွဲ့များ ၊ တာဝန်ရှိသူများသည် မိုင်းပေါက်ကွဲသည့်နေရာသို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ဒဏ်ရာရလူနာ နှစ်ဦးအား မိုးညှင်းဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ မန္တလေး-မြစ်ကြီးနားရထားများ သွားလာမှု ခေတ္တရပ်ဆိုင်းထားကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့နှင့်လည်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ယခုလို အချိန်မျိုးတွင် ကေအိုင်အေအဖွဲ့အနေဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးကို ဝင်ရောက်စီးနင်းပြီး ဝန်ထမ်းများအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ချီဖွေမြို့နယ် လုပီကျေးရွာရှိ နယ်ခြားစောင့် တပ်ရင်းဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်ခြင်း၊ ယခုကဲ့သို့ မီးရထားလမ်းနှင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများ ပြုလုပ်နေခြင်းမှာ ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ လိုလားတောင့်တသည့် နိုင်ငံတည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်လုပ်ရပ်များ ဖြစ်သောကြောင့် လက်နက်အားကိုးဖြင့် အဖျက်လုပ်ရပ်များ လုပ်ဆောင်နေမှုများကို ရပ်တန့်စေရန် ဒေသခံပြည်သူများနှင့် ကြားသိရသူပြည်သူများက ဆန္ဒရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကေအိုင်အေ (ကချင်)လက်နက်ကိုင် အဖွဲ့က ထောင်ထားသည့် မိုင်း တစ် လုံး ပေါက်ကွဲမှုကြောင့် မန္တလေး-မြစ်ကြီးနား အမှတ်(၃၃) အဆန် အထူး အိပ်စင် ရထားမှ တွဲ ရှစ်တွဲ လမ်းချော်ကျပြီး ပျက်စီးမှုအချို့ကို တွေ့ရစဉ်။
(သတင်းစဉ်)

ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေး အားကစားနည်းအလိုက် လူရွေးချယ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ထည့်သွင်းကျင်းပမည့် အားကစားနည်းများတွင် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်မည့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများအား ရွေးချယ်ပြီး အားကစားအဖွဲ့ချုပ်များနှင့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတို့တွင် စခန်းသွင်းလေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထူးချွန်သည့်မျိုးဆက်သစ်အားကစားသမားများ ထပ်မံရရှိရေး လူရွေးချယ်ပွဲများကို နေပြည်တော်တွင် ဖူဆယ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ စက်ဘီး၊ အလေးမ အားကစားနည်းများအတွက် မေ ၁၂ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ မိတ္ထီလာမြို့တွင် ပြေးခုန်ပစ်၊ အမျိုးသမီးဘောလုံး၊ စက်ဘီး၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း အားကစားနည်းများအတွက် မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်လည်းကောင်း၊ တောင်ငူမြို့တွင် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ရိုးရာလက်ဝှေ့ အားကစားနည်းများအတွက် မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

လူရွေးချယ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားသမားများအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေရုံး ဖုန်း-၀၆၇-၂၂၀၈၀၊ မိတ္ထီလာခရိုင်ရုံး ဖုန်း-၀၆၄-၂၃၂၂၁၊ တောင်ငူခရိုင်ရုံး ဖုန်း -၀၅၄-၂၅၀၂၆ တို့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့၏ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူများသေဆုံးပြီး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲညီညီ ဖော်ဆောင်လျက်ရှိကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းလျက်ရှိခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲညီညီ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့သည် လက်တွဲညီညီဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့အနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည်သာမက အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဧပြီ၂၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် စစ်ရေးမဟုတ်သော ပစ်မှတ်များဖြစ်သည့် မိုးမောက်မြို့နယ် ကုန်းနှောကျေးရွာအား လက်နက်ကြီးများဖြင့် အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်ခြင်းကြောင့် ကျေးရွာအတွင်းနေထိုင်သော မောင်လော့ရင် (၅)နှစ် (ဘ) ဦးလောရှတ်သည် လက်နက်ကြီးအစထိမှန်၍ သေဆုံးခဲ့ပြီး ဦးစံပိုင်(၅၇)နှစ် (ဘ) ဦးယူအိုက်လိတ် ညာလက်မောင်း/ခါးတို့အား လက်နက်ကြီးအစ ထိမှန် (စိုးရိမ်ရ) ဒဏ်ရာနှင့် မလင့်(၂၂)နှစ် (ဘ) ဦးမောင်စိုး ညာပေါင်လက်နက်ကြီးအစ ဖောက်ဝင်(စိုးရိမ်ရ) ဒဏ်ရာအသီးသီး ရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသူများကို နယ်မြေခံတပ်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ရှမ်းပြည်နယ် မူဆယ်မြို့၌ ဖောက်ခွဲရေးသမားတစ်ဦးအား အသေဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၉

ရှမ်းပြည်နယ် မူဆယ်မြို့၌ ယမန်နေ့ညပိုင်းတွင် မူဆယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းမော်တော်ယာဉ်အား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန်ကြိုးစားသည့် ဖောက်ခွဲရေးသမားတစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယမန်နေ့ ည ၉ နာရီ ၂၅ မိနစ်ခန့်တွင် မူဆယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းမော်တော်ယာဉ်တစ်စီးသည် ကောင်းမှုတံရပ်ကွက် မြို့ပတ်လမ်းဆုံ ပြည်ထောင်စုကားလမ်းမပေါ်၌ လှည့်ကင်းဆောင်ရွက်နေစဉ် လှည့်ကင်းမော်တော်ယာဉ်၏ ယာဘက်တွင် ကပ်လျက်လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ အမျိုးသားတစ်ဦးက အသင့်ယူဆောင်လာသော ဒေသန္တရလက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန်ပြုလုပ်စဉ် ၎င်း၏လက်ထဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ၎င်း၏ မျက်နှာဗုံးစထိမှန်ဒဏ်ရာ၊ ရင်ဘတ်ဗုံးစထိမှန်ဒဏ်ရာနှင့် ဝဲလက်ကောက်ဝတ်ပြတ်ဒဏ်ရာများ ရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏ ပုံပန်းသဏ္ဌာန်မှာ အသားဖြူ၊ အရပ် (၅)ပေ (၂)လက်မခန့်၊ အသက် (၂၅)နှစ်နှင့် (၃၀)ကြားရှိကြောင်း ၊ ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် ကျည်ထိုးပြီးအသင့် အမ် (၂၀) ပစ္စတို တစ်လက်၊ ကျည်ကတ်တစ်ခု ၊ ကျည်တောင့် ခုနစ်တောင့်တို့ကို သိမ်းဆည်းရမိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပေါက်ကွဲမှုနှင့် ပတ်သက်၍ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဧပြီ ၂၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki -moon နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၆နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ည ၇နာရီတွင် ခေတ္တတည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်၌ သတင်းဌာနများမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ မေးမြန်းချက်များကို ဖြေကြားသည်။

တွေ့ဆုံခဲ့သည့် သတင်းဌာနများမှ ကိုယ်စားလှယ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်း၊ ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးကိုကို၊ ဆဲဗင်းဒေးနယူးဂျာနယ်မှ ဒေါ်အေးမြကျော်၊ ဝီကလီးအလဲဗင်းဂျာနယ်မှ ဦးသန်းဇော်ထွန်းနှင့် မြန်မာတိုင်းမ် ဂျာနယ်မှ ဦးဆန်းဦးတို့ ဖြစ်ကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki -moon နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နွေရာသီ၌ ရာသီဥတုပူပြင်းမှုကြောင့် ပြည်သူများ ဓာတ်အားပိုမိုသုံးစွဲလာ လိုအပ်ချက်နှင့် တောင်းခံမှုပေါ်မူတည်၍ ဓာတ်အားပေးစက်ရုံများမှ ထိန်းညှိထုတ်လုပ်ပေး

ဓာတ်အားထုတ်လုပ်ပေးမှုမှာ ယခင်နှစ် နွေရာသီထက် လျော့သွားခြင်းမရှိ

နေပြည်တော် ဧပြီ ၂၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး Switch Yard ဝင်းရှိ Current Transformer များနှင့် Circuit Breaker များကို လည်းကောင်း၊ စက်ရုံမြေအောက်ခန်းရှိ ပင်မထရန်စဖော်မာများကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံအတွင်း ဂျင်နရေတာများ တပ်ဆင်ထားသော အထပ်သို့သွားရောက်ပြီး လျှပ်စစ်ဓာတ်အားပေး ဂျင်နရေတာများနှင့် Control Panel များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓာတ်အားထိန်းချုပ်မောင်းနှင်ခန်း (Control Room) သို့ ရောက်ရှိပြီး စက်ရုံမှူးက ဓာတ်အားထုတ်လုပ် ပို့လွှတ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ မဟာဓာတ်အားလိုင်း၏ နာရီအလိုက် လျှပ်စစ်လိုအပ်ချက်အပေါ် ထိန်းညှိလျက် ဓာတ်အားထုတ်လုပ်ပေးရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ ဓာတ်အားထုတ်လုပ်ဆောင်ရွက်မှုနှင့် ပတ်သက်သော အစည်းအဝေးကို ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပေါင်းလောင်း၊ ခပေါင်း၊ ကွန်းချောင်း၊ ရဲနွယ်၊ ရွှေကျင်၊ ဇောင်းတူ၊ မုန်း၊ ကြီးအုံကြီးဝ၊ ရဲရွာ၊ ကျိုင်းတောင်း၊ တီကျစ်၊ ကင်းတား၊ ဆည်တော်ကြီး၊ သဖန်းဆိပ်၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)၊ ရွှေလီ(၁) လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ စက်ရုံမှူးများ တက်ရောက်ကြသည်။

စက်ရုံမှူးများက ၂၀၁၂ ခုနှစ်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုအခြေအနေ၊ ၂၀၁၁ ခုနှစ်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့မှု အခြေအနေနှင့် နှိုင်းယှဉ်ချက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ကွဲခိုင်ထိန်းသိမ်းရေး ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ဦးဆောင် ညွှန်ကြားရေးမှူးက ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအောက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ နှစ်အလိုက် ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့မှု အခြေအနေ၊ ဆက်လက်ထုတ်လုပ်ပေးမည့် အစီအစဉ်နှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ကြည့်ရှုစစ်ဆေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇော်မင်း ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထိန်းချုပ်မောင်းနှင်ခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

မြန်မာနှင့် လာအိုနိုင်ငံတို့အကြား မဲခေါင်မြစ်ကူး တံတား တည်ဆောက်မည်

ပြည်တွင်းသတင်း စာမျက်နှာ ➤ ၆

ဂျပန်လေကြောင်းလိုင်းက ရန်ကုန်-နာရီတာ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲသွားမည်

ပြည်တွင်းသတင်း စာမျက်နှာ ➤ ၆

လှိုင်လင်ခရိုင် ခိုလမ်မြို့နယ်ခွဲ၌ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံသစ် ဖွင့်

ပြည်တွင်းသတင်း စာမျက်နှာ ➤ ၇

ပါကစ္စတန်နှင့် အမေရိကန် အဆင့်မြင့်အရာရှိများ နှစ်ရက်ကြာဆွေးနွေးပွဲ မအောင်မြင်ဘဲ ပြီးဆုံး

နိုင်ငံတကာသတင်း စာမျက်နှာ ➤ ၄

ပါကစ္စတန်မှ မိန်းကလေး စာသင်ကျောင်း တာလီဘန်စစ်သွေးကြွဟု သံသယရှိသူများ ဖျက်ဆီး

နိုင်ငံတကာသတင်း စာမျက်နှာ ➤ ၄

ကစားသမားဘဝ တစ်လျှောက်လုံး မန်ယူ၌နေလိုသည့် တိုက်စစ်မှူး နာနီ

နိုင်ငံတကာအားကစား စာမျက်နှာ ➤ ၅

ဆာဟာရသဲကန္တာရအတွင်း သစ်ပင်စိုက်ပျိုးမည့်စီမံကိန်းအတွက် ရေးဆွဲထားသော သရုပ်ဖော်ပုံ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ➤➤ ဘာသာပြန် - စံစံ

ဆာဟာရသဲကန္တာရဒေသကို အိုအေစစ်အဖြစ် အသွင်ပြောင်းမည်

ဒိုဟာ ဧပြီ ၂၉

ဆာဟာရသဲကန္တာရဒေသကို အိုအေစစ်တစ်ခုအဖြစ် အသွင်ပြောင်းလဲမည့် သစ်တောစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကာတာနိုင်ငံရှိ သတင်းဌာနများက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆာဟာရသဲကန္တာရသည် ကမ္ဘာ့အကြီးဆုံးသဲကန္တာရများတွင် ပါဝင်သည်။ အကျယ်အဝန်းကီလိုမီတာ ၃၅၀၀၀၀၀ ရှိ ဆာဟာရသဲကန္တာရ၏ နယ်မြေမှာ အာဖရိကတိုက်အကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်းရှိသည်။

ဆာဟာရသဲကန္တာရ၌ သဲတောင်ကုန်းများအစီအရီရှိနေပြီး သဘာဝပတ်ဝန်းကျင်အနေအထားအရ သစ်ပင်များရှင်သန်ပေါက်ရောက်နိုင်မှုမရှိပေ။ သို့ရာတွင် နော်ဝေနိုင်ငံရှိ ယာရာအင်တာနေရှင်နယ် အဖွဲ့အစည်းနှင့် ကာတာနိုင်ငံရှိ ဓာတ်မြေသြဇာ

စာမျက်နှာ ၇ ကော်လံ ၂ သို့ ❒